www.burmeseclassic.com

# LU NAY

# လူနေ ဘူတာကြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၁)

အဝေးကကြည့်လျှင် အုတ်အနီမိုးထားသည့် အဆောက်အအုံအရှည်ကြီးတစ်ခုစီကို တစ်ဖက်တစ်ချက်တွင် တွေ့ရသည်။

အုတ်အနီမိုးထား၍ ရှေးဟောင်းအဆောက်အဦလည်း မဟုတ်ပြန်။ သပ်သပ်ရပ်ရပ်နှင့် ခေတ်မီစွာဆောက်လုပ်ထားသော နေရာလေးတစ်ခုသာ ဖြစ်သည်။

လူအများ နေထိုင်ကြသည့် အိမ်လား။

ထိုသို့လည်း မဟုတ်ပြန်။

အမိုးတစ်ခုဖြစ်ပြီး ထိုအမိုးအောက်တွင် လူအများသွားလာနေကြသည့် ဘူတာရုံကြီးတစ်ခုသာ ဖြစ်သည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၂)

ထိုဘူတာရုံထဲတွင် လူအများ စည်ကားနေကြသည်။ သို့သော်လည်း အများကြီးမဟုတ်ပြန်။

ထိုလူများအားလုံးမှာ ခရီးသွားသည့်အိတ်များ မပါကြချေ။ တစ်ခုခုကို မျှော်နေကြသလိုလိုနှင့် ရထားလာမည့်ဘက်ကို ကြည့်နေကြသည်။

တချို့ကတော့ ဘူတာရဲ့ခုံပေါ်တွင် အုကြောင်ကြောင်နှင့် ထိုင်နေကြသည်။ တချို့ကျတော့ သွားလာနေသောသူများကို လိုက်ကြည့်နေကြသည်။

ထူးခြားတာက . . .

ဘူတာရုံထဲရှိ လူများအားလုံးသည် သမီးရည်းစားစုံတွဲများဖြစ်နေသည်ကို တွေ့ရလေသည်။

■



(၃)

BURMESE CLASSIC .com

ဘူတာရုံလေး၏ ခုံလေးတစ်ခုပေါ်တွင် သမီးရည်းစားအတွဲတစ်တွဲ ထိုင်နေသည်။ သူတို့နှစ်ယောက်ပုံစံမှာ အုကြောင်ကြောင်ပုံစံဖြစ်နေပြီး အခြားစုံတွဲများကိုလည်း လိုက်ကြည့်နေသည်။

'တစ်ယောက်ယောက်ကို မေးလိုက်ရင် ကောင်းမလား'

ကောင်မလေးက သူ့ရည်းစားကောင်လေးကို တိုးတိုးလေး တိုင်ပင်သည်။

ကောင်လေးကလည်း . . .

'ဖြစ်ပါ့မလား'

ဟု စိုးရိမ်သံလေးနှင့် ပြန်ပြောသည်။

'ဖြစ်ပါတယ်၊ ထိုင်နေတာထက်စာရင် မေးကြည့်တာက ပိုကောင်းတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ… ဒါဆိုလည်း မေးကြည့်ပေါ့'

ထိုသို့ပြောနေစဉ် သူတို့နှစ်ယောက်၏ ဘေးတစ်ခုံကျော်သို့ အတွဲတစ်တွဲ ဝင်ထိုင်တာကို တွေ့လိုက်ရသည်။

ကောင်မလေးကလည်း ခပ်သွက်သွက်ဖြင့်…

'ဒီမှာရှင့်'

ဟု လှမ်းခေါ်လိုက်သည်။

အခေါ်ခံရသော အတွဲကလည်း လှည့်ကြည့်သည်။

'တစ်ခုလောက် မေးချင်လို့'

'ဟုတ်… ဟုတ်ကဲ့'

'ဒီမှာရှိနေတဲ့ စုံတွဲအားလုံးက Program ကို စိတ်ဝင်စားလို့ လာတဲ့သူတွေချည်းပဲလား'

အခြားအတွဲမှာ တွေဝေသွားသည်။ ပြီးမှ…

'ခင်ဗျားတို့ကရော ဒီ Program ကို လာတာပဲလား'

'အင်း… ဟုတ်တယ်'

'ကျွန်တော်တို့လည်း အတူတူပဲဗျ'

ဟု ဆိုပြီး စာလေးတစ်စောင် လှမ်းပေးသည်။

သူတို့ရသော စာနဲ့ ပုံစံတူပင် ဖြစ်သည်။ နာမည်သာကွဲသွား၏။

'ဒါဆို ဒီဘူတာထဲက အတွဲတွေအားလုံးက ဒီပရိုဂရမ်ကို စိတ်ဝင်စားလို့ ဘူတာရုံကို ရောက်နေတာပေါ့'

BURMESE CLASSIC .com



'ဟုတ်ဖို့များတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခရီးဆောင်အိတ်တွေ မပါဘူးဗျ၊ လွယ်အိတ်လေးတွေပဲ လွယ်လာကြတာ'

'ဒီပရိုဂရမ်က အားလုံးကို နောက်ထားတာရော မဖြစ်နိုင်ဘူးလား'

'မဖြစ်တော့ မဖြစ်နိုင်ဘူး'

ဟု ဆိုပြီး ဘူတာရုံအတွင်းသို့ လှည့်ပတ်ကြည့်နေသည်။

ထိုအချိန်တွင် ဘူတာထဲရှိ အတွဲများအားလုံးသည် ခုံများပေါ်တွင် ထိုင်သူက ထိုင်၊ သက်သောင့်သက်သာ နေတဲ့သူက နေနှင့် သူ့ဟာသူ အဆင်ပြေနေကြလေသည်ကို တွေ့ရလေ၏။

'ဘာဖြစ်လို့လဲ'

ကောင်မလေးက စကားပြန်ဆက်သည်။

'ဖြစ်တယ်လို့လည်း အတပ်တော့ မပြောနိုင်ဘူးပေါ့၊ ဒါပေမဲ့ ဒီဘူတာရုံကိုတော့ အားလုံးက မျှော်လင့်ချက်နဲ့ လာကြတဲ့သူတွေချည်းပဲ'

'မျှော်လင့်ချက်… ဟုတ်လား'

■

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထိုအချိန်တွင် ဘူတာရုံရှိ ခုံတန်းတစ်ခုတွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့သည် Game တစ်ခု ကစားနေလေသည်။

အန်စာတုံးလေးခေါက်လိုက်၊ အကွက်ကလေးရွှေ့လိုက်နှင့် ချစ်သူနှစ်ဦးမှာ ကြည်နူးစွာဖြင့် ကစားနေကြသည်။

သူတို့နှစ်ဦး ကစားနေသည်ကို အချို့စုံတွဲများက ဖြတ်သွားဖြတ်လာ ကြည့်သွားကြ၏။

'ကဲ… ဒီတစ်ခါ ငါ့အလှည့်ပဲ စစ်စစ်'

ကောင်လေးက စစ်စစ်ဆိုသော သူ့ကောင်မလေးကို ပြော လိုက်၏။

ကောင်မလေးကလည်း ချစ်စဖွယ်အမူအရာလေးဖြင့် အန်စာတုံးလေး လှိမ့်လိုက်သည်။



'ကိုး'

စစ်စစ်က ဝမ်းသာအားရ အော်သည်။

ပြီးနောက် သူ့ရွှေ့ကွက်ကို ကိုးကွက်မြောက် ရွှေ့လိုက်သည်။

ဒီတစ်ခါတော့ ကောင်လေးအလှည့်ဖြစ်သည်။

'ရိုးရာ… နင့်ထက် ငါ ကျော်နေပြီနော်'

ရိုးရာဆိုသောကောင်လေးက ခေါင်းညိတ်ပြသည်။

အန်စာတုံး ခေါက်လိုက်သည်။

'ဆယ့်တစ်ဟ'

ကောင်မလေး နှုတ်ခမ်းစူသွားသည်။

ကောင်လေးက သူ့ထက် အကွက်အနည်းငယ်ကျော်သွားသောကြောင့် ဖြစ်သည်။

သူတို့နှစ်ဦးကစားနေသည့် ဂိမ်းမှာ ရိုးရိုးဂိမ်းတစ်ခုသာ ဖြစ်သည်။ နာမည်မှာ Train Chess Game ဟုခေါ်သည့် ရထားဂိမ်းလေးတစ်ခု ဖြစ်သည်။

ထိုစဉ်…

'ဒင်… ဒင်… ဒင်…'

သူတို့ရဲ့ အပေါ်နားမှာရှိသော နာရီမှ အသံမြည်သံကို ကြားလိုက်ရသည်။ ဘူတာရုံလေးအတွင်းရှိ လူများ၏ လှုပ်ရှားမှုများ ခေတ္တရပ်သွားကြပြီး နာရီကို ကြည့်မိလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီမှာ...

၁ နာရီထိုးနေပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၅)

'ငါ ဗိုက်ဆာလာပြီ'

စစ်စစ်က ရထားကွက်နှစ်ကွက်ရွှေ့လိုက်ရင်း ပြောသည်။

ရိုးရာကလည်း ပိုက်ဆံအိတ်ကလေးကို စမ်းလိုက်ရင်း ဘူတာရုံအတွင်း၌ ဟိုဟိုဒီဒီ ကြည့်လိုက်သည်။

လူတချို့ တန်းစီနေသော ဆိုင်လေးတစ်ဆိုင်ကို တွေ့လိုက်ရသည်။

'ဟိုမှာတော့ ဆိုင်လေးတစ်ဆိုင်တွေ့တယ်၊ ငါ သွားကြည့်လိုက်ဦးမယ်'

ဒီလို ဘူတာရုံတစ်ခုအတွင်းမှာ ဆိုင်ရှိလိမ့်မည်ဟု သူမထင်ထားချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ အခုမှလာဖွင့်ပုံရသည်။ သစ်သစ်လွင်လွင်လေး ဖြစ်နေသည်။ ပြောမယ့်သာ ပြောရတာ။ ဒီနေရာကလည်း သူတို့စုံတွဲတွေအတွက် ထူးဆန်းသောနေရာ၊ မျှော်လင့်ချက် နေရာ၊ နှစ်ဦးနှစ်ဖက် ပေါင်းစပ်ဖို့အတွက် အခွင့်အရေးရှိသော နေရာဟု အားလုံးက သိထားကြသောကြောင့် ဖြစ်သည်။

ထိုသို့တွေးနေရင်းမှ အိတ်ကပ်ထဲရှိ စာလေးကို စမ်းမိလိုက်သည်။ ရှိနေသေးသည်ကို တွေ့ရသည်။ ထို့နောက် မုန့်ဆိုင်တွင် တန်းစီနေသောလူများထဲသို့ ဝင်၍တန်းစီလိုက်သည်။

လူတန်းထဲတွင် သူက နောက်ဆုံးလူ ဖြစ်သည်။

■

(၆)

သူ့အလှည့်ရောက်သောအခါတွင် ဟိုဟိုဒီဒီ ကြည့်မိသည်။

'ဟမ်ဘာဂါ၊ ပေါက်စီနဲ့ အခြား First Food တွေ ရပါတယ်'

ရောင်းချနေသော လူငယ်က သူ့ဆိုင်တွင် ရရှိနိုင်သော ပစ္စည်းများကို ရွတ်ပြသည်။

ရိုးရာလည်း ခပ်ကြာကြာမစဉ်းစားတော့ဘဲ စစ်စစ် ကြိုက်မည်ထင်သော မုန့်တစ်ခု၊ နှစ်ခုကို ဝယ်လိုက်သည်။

ဆိုင်ရှင်လူငယ်ကလည်း မုန့်ကို သေသေသပ်သပ် ထုတ်၍ လှမ်းပေးသည်။

ပိုက်ဆံရှင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

'အခုမှ ဆိုင်လာဖွင့်တာလားဗျ'

ဟု စပ်စပ်စုစုမေးလိုက်သည်။

'ဟုတ်တယ်၊ အခုမှ လာပြီး ဆိုင်ဖွင့်တာပါ'

'အရင်တုန်းကတော့ အိမ်နားမှာပဲ ဆိုင်လေးဖွင့်ထားတာလေ'

'ဩော်... ဘယ်လိုဖြစ်လို့ ဒီနေရာမှာ လာဖွင့်ရတာလဲ'

'ဒီနေရာမှာ ဆိုင်ဖွင့်လို့ရတယ်ဆိုပြီး ခေါ်တဲ့စာလေးတစ်စောင်ရလို့ပါ'

'ဟင်...'

ရိုးရာ၏မျက်နှာမှာ အံ့သြသည့် အရိပ်အယောင်များ ဖြတ်ပြေးသွားသည်။

'ဒါဆို ကျွန်တော်တို့လိုပဲ စာလေးရလို့ ဆိုင်လာဖွင့်တာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားတို့ ရတဲ့စာနဲ့တော့ မတူဘူးပေါ့၊ ပြီးတော့ ကျွန်တော့်မှာက ခင်ဗျားတို့လို ရည်းစားလည်း မရှိဘူး၊ ယူရမယ့်မိန်းမလည်း အဆင်သင့်မရှိဘူးလေ၊ ပြောရရင် ကျွန်တော်က မိန်းမတွေကို သိပ်စိတ်မဝင်စားဘူးဗျ'

ပြောပြောဆိုဆို လူငယ်က မုန့်တစ်ခုကို တိတိကျကျ ဖြတ်ချလိုက်ပြီး အိတ်တစ်ခုထဲ ထည့်လိုက်လေ၏။



ရိုးရာကလည်း ထိုလူငယ်နှင့် စကားပြောရတာ အရှိန်ရလာပြီး...

'ကျွန်တော့်နာမည်က ရိုးရာပါ၊ ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ'

'ဂျာရစ်လို့တော့ ကျွန်တော့်သူငယ်ချင်းအားလုံးက ခေါ်ကြပါတယ်၊ ခေါ်လွန်းလို့ နာမည်အရင်းလိုတောင် ဖြစ်နေပါပြီ'

'ဂျာရစ်'

ရိုးရာက တိုးတိုးလေး ရေရွတ်လိုက်သည်။

ဂျာရစ်ကလည်း ရိုးရာကို ပြုံးပြ၏။

ရိုးရာက...

'ခင်ဗျားကို တစ်ခုမေးလို့ရမလား'

'မေးလေ... ကျွန်တော်သိရင် ဖြေမှာပေါ့'

'ဒီနေရာက ဘယ်လိုနေရာမျိုးလဲ'

ရိုးရာအမေးကြောင့် ဂျာရစ်မှ လက်ထဲမှ ဓားငယ်လေးကို ချလိုက်သည်။ ပြီးနောက် ရိုးရာဘက် မျက်နှာမူလိုက်ပြီး...

'ဘူတာရုံတစ်ခု၊ ပြီးတော့ ဒီကိုရောက်နေတဲ့ အတွဲတွေအားလုံးက လက်ထပ်ခါနီးအတွဲတွေ၊ ဒါပေမဲ့ အခက်အခဲတစ်ခုကြောင့် လက်မထပ်နိုင်သေးတဲ့လူတွေ၊ အဲဒီအချိန်မှာ သူတို့က မျှော်လင့်ချက်လေးတစ်ခု သွားတွေ့ကြတယ်ဗျ၊ အခု

www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီမျှော်လင့်ချက်တွေပါတဲ့ ရထားကို စောင့်နေကြတာလေ၊ ဒါပဲ သိတယ်'

ထိုသို့ပြောနေရင်းမှ မုန့်ဝယ်မည့်အတွဲတစ်တွဲ ရောက်လာသဖြင့် စကားစပြတ်သွားသည်။

ဒါနဲ့ ရှီးရာလည်း မုန့်ရောင်းသော ဂျာရစ်ကို နှုတ်ဆက်ပြီး စစ်စစ်ရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

ခပ်လှမ်းလှမ်းတွင် ထိုင်နေသော စစ်စစ်က သူ့ကို လက်လှမ်းပြသည်။ သူလည်း ပြန်ပြလိုက်သည်။

သူသည် သူမကို အရမ်းချစ်သည်။ ပြီးတော့ လက်ထပ်ချင်သည်။

သို့သော် သူတို့မှာ လက်ထပ်ရန်အတွက် အခက်အခဲတစ်ခုက ရှိနေသည်။ ဒီနေရာက သူတို့ရဲ့အခက်အခဲကို ဖြေရှင်းနိုင်ပါ့မလား။

အတွေးတို့ဖြင့်လျှောက်လှမ်းရင်း သက်ပြင်းပူပူတချို့ချကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။

သူတို့လိုပဲ တစ်စုံတစ်ခုအခက်အခဲရှိနေပြီး လက်ထပ်တော့မည့် ချစ်သူစုံတွဲများကို တွေ့နေရသည်။

■



# ဘူတာကြီး... သို့

www.burmeseclassic.com

www.burmeseclassic.com



(၇)

'မဲတွေနိုက်သွားကြဦးမလား၊ တစ်နှစ်ပတ်လုံး တွဲလို့ရတဲ့ ဖူးစာရှင်နာမည်လေးတွေ၊ မဲနိုက်ကြဦးမလား'

ကောင်လေးတစ်ယောက်၏ အော်သံကြောင့် ကျောင်းကင်တင်းတစ်ခုလုံးရှိ ကျောင်းသားကျောင်းသူများမှာ အသံလာရာဆီသို့ ရုတ်တရက် လှည့်ကြည့်လိုက်ကြသည်။

'အံမယ်… ရိုးရာပါလား၊ သူ ဘာတွေလုပ်လာပြန်ပြီလဲ မသိဘူး'

အိတ်အနက်ကြီးနှစ်လုံး ကိုင်ထားသော ရိုးရာကို တွေ့လိုက်ရ၍ အားလုံးမှာ စိတ်ဝင်စားသွားကြသည်။

သူနှင့်အတူ သူ့သူငယ်ချင်းနှစ်ယောက်ဖြစ်သော သာစွနှင့် ကျော်မဲတို့နှစ်ယောက်ကလည်း ရိုးရာအော်သံကို လိုက်၍

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ နှိုက်သွားကြပါဦး' စသည်ဖြင့် အနောက်က လိုက်အော်နေကြသည်။

ရိုးရာကတော့ ကင်တင်းများရှိရာနေရာမှာ ဖြည်းဖြည်း ချင်းလျှောက်ပြီး အော်နေကျစကားကို ပုံတင်ထပ်ကာ အော်နေပေသည်။

'မဲနှိုက်သွားကြဦးမလား၊ တစ်နှစ်ပတ်လုံး တွဲလို့ရတဲ့ ဖူးစာရှင်နာမည်လေးတွေ၊ ယောက်ျားလေးရော မိန်းကလေးရော မဲနှိုက်လို့ရပါတယ်'

အားလုံးရဲ့အကြည့်တွေက ရိုးရာဆီက မခွာနိုင်ဘဲ ရှိနေကြသည်။

ရိုးရာသည် သူတို့ကျောင်းမှာ ပျော်ပျော်နေတတ်ပြီး နောက်နောက်ပြောင်ပြောင်ရှိသောကြောင့်လည်း မယုံရဲဘဲ ရှိနေကြသည်။

စိတ်ဝင်စားသော ကျောင်းသားများရှိသည့်ဝိုင်းက လှမ်းခေါ်သည်။

'လာပါဦးဗျို့'

ရိုးရာတို့မှာ ထိုဝိုင်းဆီသို့ ကြည့်လိုက်ကြပြီး...

'သြော်... ဒီဘက်ဝိုင်းက မဲအရင်နှိုက်မယ်တဲ့ ခင်ဗျာ၊ မဲအရင်နှိုက်မယ်တဲ့'



ဟု ရေရွတ်ပြီး ကျောင်းသားများထိုင်နေသောဝိုင်းသို့ သွားလိုက်သည်။

'ဘာမဲတွေလဲ'

ထိုဝိုင်းမှ ကျောင်းသားတစ်ယောက်က မေးသည်။

ရိုးရာက ထိုကျောင်းသား၏ အမေးကို မဖြေသေးဘဲ သူကပဲ မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

'ရည်းစားရှိလား'

'ဟင်... ဘာကို'

ကျောင်းသားမှာ အူကြောင်ကြောင်ဖြစ်သွားပြီး ပြန်မေးသည်။

'ရည်းစားရှိလားလို့ မေးတာ'

'ဟာ... မရှိပါဘူး၊ ဘာဖြစ်လို့လဲ'

ကျောင်းသားက ရှက်ကိုးရှက်ကန်းဖြင့် ပြန်ဖြေသည်။

'မဟုတ်ပါဘူး၊ ဒီက မဲတွေက ရည်းစားမရှိတဲ့လူတွေမှ နှိုက်လို့ရမယ့် မဲမို့လို့ပါ'

'ဟာ... ဟုတ်လား၊ ဒါဆို ကျွန်တော် နှိုက်လို့ရတာပေါ့'

ထိုကျောင်းသား၏ ဝမ်းသာအားရပြောသံကြောင့် အားလုံးမှာ ဝိုင်းရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ရိုးရာရဲ့ ရည်းစားမရှိမှ နိုက်လို့ရတဲ့ မဲကိုလည်း အားလုံးက စိတ်ဝင်စားသွားကြသည်။

တချို့တွေက သူတို့ ပြောလက်စ စကားများကို ဖြတ်ပြီး ရိုးရာတို့ကိုပဲ တသီးတသန့် ကြည့်နေလေတော့သည်။

'ဘာမဲတွေလဲဆိုတာ ရှင်းပြဦးလေ'

'ဩော်... အေး... ဟုတ်သားပဲ၊ ငါ မေ့နေလို့၊ ဒီလိုကွ...'

ရိုးရာက သူ့ထုံးစံအတိုင်း 'အဟမ်း... အဟမ်း...' ဟု အရင်လုပ်လိုက်ပြီး...

'မင်းတို့ ဂျူနို (Juno) ဆိုတဲ့ နတ်ဘုရားမကို သိလား'

'သိဘူး'

အားလုံးက တညီတညွတ်တည်း ဖြေကြသည်။

ရိုးရာကလည်း 'ဟဲ... ဟဲ... ဒီလိုပဲ ဖြစ်ရမယ်လေ' ဆိုသည့်ပုံ ဖမ်းလိုက်ပြီး...

'ဂျူနို (Juno) ဆိုတဲ့ နတ်ဘုရားမက အမျိုးသမီးတွေ ကိုးကွယ်တဲ့ နတ်ဘုရားမကွ'

'ဩော်...'

'အမျိုးသမီးတွေ ဒုက္ခရောက်ရင် ထိုနတ်ဘုရားမ လာကယ်တယ်လို့တော့ ပြောတာပဲ၊ ပြီးတော့ ဂျူပီတာ (Jupiter) ဆိုတဲ့ နတ်ဘုရားကိုရော သိလား'



'ဟင့်အင်း... သိဘူး'

'သူက ဂျူနိုရဲ့ ယောကျ်ားတဲ့'

'အဲ... ဟုတ်လား၊ အခု ဒီမဲတွေက အဲဒီနတ်ဘုရားမ ပုံကို မဲအဖြစ် လုပ်ထားတာလား'

'အာ... လာမယ်လေ၊ လောလိုက်တာ'

'ဟုတ်ပါပြီ၊ ဆက်ပါဦး'

'အဲဒီလိုနဲ့ လွန်ခဲ့တဲ့နှစ် ထောင်ပေါင်းများစွာကပေါ့'

'အင်း...'

'အသိဉာဏ်နည်းသေးတဲ့ ရှေးခေတ်လူတို့က နတ်ဘုရား၊ ဂျူနိုကို ဂုဏ်ပြုတဲ့အနေနဲ့ အချစ်ကံစမ်းမဲနှိုက်ပွဲ ပြုလုပ်တယ်တဲ့'

'ဟာ... ဟုတ်လား'

အားလုံးမှာ အချစ်ကံစမ်းမဲဆို၍ မျက်လုံးအရောင်တောက်သွားကြသည်။

ဒါကိုသိသော ရိုးရာကလည်း သူ့ရှေ့မှာရှိသော ဘယ်သူ့အအေးခွက်မှန်းမသိတဲ့ အအေးခွက်ထဲမှ အအေး[illegible] သောက်ကာ အင်တင်တင်နဲ့ အချိန်ဆွဲနေလိုက်သေး၏။

နောက်မှ...

'ငါ ဆက်ပြောမယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အဲဒါကို စောင့်နေတာ၊ အချစ်ကံစမ်းမဲနှိုက်ပွဲကို ဘယ်လိုလုပ်တာလဲ'

'ဒီလိုကွ'

'အင်း…'

'မိန်းမပျိုကလေးတွေက သူတို့ရဲ့ နာမည်လေးတွေကို စက္ကူလေးတစ်ခုပေါ်မှာ ရေးတယ်'

'ဟုတ်ပြီ'

'ပြီးတော့ စည်ပိုင်းကြီးတစ်ခုထဲမှာ အဲဒီစက္ကူတွေကို စုထည့်ကြတယ်၊ နောက်ပြီး အဲဒီစည်ပိုင်းထဲက စက္ကူကလေး တစ်ခုကို ယောကျ်ားကလေးတွေက နှိုက်ရတယ်၊ ဗလာမပါ ကံစမ်းမဲပေါ့ကွာ'

'ဟာ… မိုက်တယ်ဟေ့'

'မိန်းမပျိုလေးရဲ့နာမည်ပါတဲ့ စက္ကူလေးကို ရရှိတဲ့ လူပျိုက နောင်နှစ် နှစ်ပတ်လည် မဲနှိုက်ပွဲမတိုင်ခင်အထိ တစ်နှစ်တာကာလပတ်လုံး ထိုမိန်းကလေးရဲ့ ချစ်သူရည်းစား ဖြစ်ရောတဲ့'

'ရေလည်မိုက်တယ်ဟေ့'

အားလုံးမှာ ရီးရာစကားကို နားထောင်နေကြသည်။

ပျော်လည်း ပျော်နေကြ၏။

'ဒီတော့ ငါကလည်း ရည်းစားမရှိတော့ကွာ၊ ဒီကျောင်း



က ရည်းစားမရှိသေးတဲ့ ကောင်မလေးတွေရဲ့နာမည်ကို ရေးပြီး ငါ့လိုပဲ ရည်းစားမရှိတဲ့ ကျောင်းသားတွေအတွက် မဲနှိုက်တဲ့ပွဲ လုပ်နေတာကွ'

'ဒီလိုလား'

'အေး… အဲဒီလို… အဲဒီလို…'

တစ်ကျောင်းလုံးရဲ့ ရည်းစားမရှိသေးသော မိန်းကလေး တွေနာမည်ပါတယ်ဆို၍ ကင်တင်းရှိ ကောင်မလေးများမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

'ဒါဆို ကျွန်တော်တို့ မဲနှိုက်လို့ပေါက်တဲ့ ကောင်မ လေးက ကျွန်တော့်ရည်းစားပေါ့'

'ဒါပေါ့၊ မင်းစိတ်ထဲမှာတော့ မင်းရည်းစားပေါ့'

'ဘာပဲဖြစ်ဖြစ် နှိုက်မယ်ဗျာ'

တခြားဝိုင်းရှိ ကျောင်းသားများကလည်း ပြီးရင် သူတို့ လည်း မဲနှိုက်မယ်ဟု အလုအယက် ဝိုင်းအော်ကြသည်။

ရီးရာကလည်း လက်ကလေးကာကာ ကာကာနှင့် 'လာပါ့မယ်၊ လာပါ့မယ်၊ မလုပါနဲ့'ဟု ဆိုပြီး ရပ်တည်ကြီး လုပ်ကာ ကောင်မလေးနာမည်များပါသည့် မဲအိတ်ကို ကျောင်း သားတစ်ယောက်အား ထိုးပေးလိုက်သည်။

ကျောင်းသားက မဲတစ်လိပ်နှိုက်သည်။

တကယ်မဟုတ်မှန်းသိပေမဲ့ ကင်တင်းရှိ ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူများမှာ ရင်ဖိုသွားကြသည်။

ကျောင်းသူများမှာ အဆိုးဆုံးဖြစ်သည်။ မဆီမဆိုင် သူတို့နာမည်ထွက်လာရင် အခက်ဟုလည်း တွေးနေမိကြသည်။

သို့သော် မဲနှိုက်ပွဲကို စိတ်မဝင်စားဘူးဟားဆိုတော့လည်း မဟုတ်ပြန်။

ကျောင်းသား နှိုက်လိုက်သော မဲလိပ်ကို ရိုးရာက ယူလိုက်ပြီး…

'ခင်သက်ဝတီ'

ဟု အားလုံးကြားအောင် အော်လိုက်သည်။

'ဟေး…'

မဲနှိုက်သော ကျောင်းသားဝိုင်းက ဘာရယ်မဟုတ် ထအော်ကြသည်။

မဲနှိုက်သော ကျောင်းသားကိုလည်း လက်ခွဲနှုတ်ဆက်ကြ၏။

'အို… ခင်သက်ဝတီရယ်'

ဟု ဆိုပြီး မဲနှိုက်သောကျောင်းသားမှာလည်း ရေရွတ်ကာ နောက်ပြောင်နေ၏။

ခင်သက်ဝတီဆိုသည့် ကောင်မလေးမှာ သူတို့နှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသောကြောင့် ပို၍ နောက်ပြောင်နေခြင်းလည်း ဖြစ်သည်။



ထိုကောင်မလေးမှာ စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက် ဖြစ်နေသည်။ သို့သော် ပြုံးစိစိနှင့် ဖြစ်နေ၏။

နောက်ထပ် ကျောင်းသားတစ်ယောက်က မဲထပ်နှိုက်သည်။

'ဝင်းဝင်းဆွေ'

'ဟေး… ဝင်းကို ချစ်တယ်၊ ဝင်းလေး… ဝင်းလေး'

ဤသို့ဖြင့် ရိုးရာ၏ ကံစမ်းမဲနှိုက်ပွဲကြောင့် ကင်တင်းလေးမှာ ပို၍စည်ကားသွားသည်။

နာမည်အော်ခံရသော ကောင်မလေးများကလည်း အပျော်ဟုဆိုပြီး ဘာမှမပြောတော့ဘဲ ငြိမ်ခံကာ ပြုံးတုံ့တုံ့လုပ်နေကြ၏။

'အခု နောက်တစ်ယောက်နှိုက်ပါမယ်'

မဲတစ်လိပ်နှိုက်လိုက်၏။

ရိုးရာက မဲလိပ်ကို ဖြေကြည့်လိုက်၏။

မျက်မှောင်ကြုတ်လိုက်၏။

အားလုံးကလည်း ရိုးရာအသံကို နားစွင့်နေကြ၏။ 'ဟေး'ဟု လိုက်အော်ရန် ဖြစ်၏။

ဤတွင် ရိုးရာမှာ မဲလိပ်ကို ပြန်ခေါက်လိုက်ပြီး…

'ဒီကောင်မလေးကတော့ မရပါဘူး'

ဟုဆိုကာ အခြားမဲလိပ်တစ်လိပ် နှိုက်ရန်ပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ဟင်… ဘာဖြစ်လို့လဲ’

မန္တိက်သော ကျောင်းသားလေးက ပြန်မေးသည်။

‘ဒီပေါက်မဲကောင်မလေးက ကျွန်တော်ကြိုက်တဲ့ ကောင်မလေး ဖြစ်နေလို့ပါ’

‘ဟေး… ဘယ်သူလဲ’

‘မရဘူး၊ မရဘူး၊ မဲပေါက်တဲ့သူပဲ’

‘နာမည်ပြောပါ၊ နာမည်ပြောပါ’

စသည်ဖြင့် တစ်ယောက်တစ်ပေါက် အော်ပြောသံများဖြင့် ဆူညံသွားသည်။

ရိုးရာကလည်း ခုနက ပျော်နေသော မျက်နှာကို တည်လိုက်ပြီး…

‘တကယ်ပါ၊ ဒီကောင်မလေးကိုတော့ ချန်ထားပေးပါ၊ ကျွန်တော် သူ့ကို တကယ်ချစ်လို့ပါ’

ရိုးရာ ခပ်တည်တည်ပြောလိုက်သောအသံကြောင့် အားလုံးမှာ ကြောင်သွားပြီး မဲလိပ်ထဲကနာမည်ကိုလည်း စိတ်ဝင်စားသွားသည်။

ရိုးရာ နောက်နေသည်ဟု အားလုံးက ထင်နေကြသေးသည်။ ရိုးရာက မဲလိပ်ကို ပြန်လိပ်လိုက်ပြီး အိတ်ကပ်ထဲထည့်လိုက်ရန် ဟန်ပြင်လိုက်သည်။

‘နာမည်ဖတ်ပြပါ’





‘ဟုတ်တယ်၊ ဘယ်သူလဲဆိုတာ သိချင်လို့’

ခပ်ကဲကဲ ကောင်မလေး တစ်ယောက်၊ နှစ်ယောက်က ထအော်ပြောသည်။

ရိုးရာသည် ကျောင်း၌ လူချစ်လူခင်ပေါမျှားပြီး ရုပ်ရည်ချောမောသောကြောင့် ကောင်မလေးတော်တော်များများ၏ စကားတစ်ယောက်လည်း ဖြစ်သည်။

အခု ရိုးရာက ‘သူကြိုက်တဲ့ ကောင်မလေး’ဟု ဆိုလိုက်၍ မိန်းကလေးတော်တော်များများက စိတ်ဝင်စားသွားကြခြင်းလည်း ဖြစ်သည်။

ဒါကို ရိုးရာက မသိချင်ယောင်ဆောင်လိုက်ပြီး မဲကို အိတ်ကပ်ထဲထည့်ကာ ကြယ်သီးတပ်လိုက်သည်။

ထို့နောက် ရင်ဘတ်လေးကို ဖွဖွလေးဖိလိုက်ပြီး ရင်ဘတ်ထဲမှာ သိမ်းထားလိုက်မယ်ဆိုတဲ့ဟန် လုပ်ပြလိုက်၍ အားလုံးမှာ ရယ်မောလိုက်ကြသည်။ ပြီးနောက် အချစ်ကံစမ်းမဲပွဲကို ဆက်လက်ပြုလုပ်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၇)

ကောင်မလေးတစ်ယောက်က အရှေ့မှ သွားနေ၏။ သူမအနောက်တွင် ကောင်လေးတစ်ယောက်ကလည်း ကပ်လိုက်လာ၏။

ပထမတော့ ရှေ့ကကောင်မလေးက ကောင်လေး လိုက်လာတာကို မသိပါဘူး။

ပုံမှန်လျှောက်နေတာပါပဲ။

နောက်တော့ စိတ်မလုံမလဲနှင့် လှည့်ကြည့်ရာမှ သူ့ကို တွေ့လိုက်ရခြင်းဖြစ်သည်။

'အမယ်… ရိုးရာပါလား၊ ဘယ်သွားမလို့လဲ'

'ငါ နင့်နောက်လိုက်နေတာ'

'ဟင်… တကယ်'



ကောင်မလေးက အံ့ဩသည့် အမူအရာ လုပ်ပြလိုက်ပြီး တခစ်ခစ်ရယ်လိုက်သည်။

ပြီးနောက်…

'နင့်မဲလိပ်တွေ ကုန်သွားပြီလား'

'မကုန်သေးဘူး၊ သာစွတို့ကို လက်လွှဲပေးလိုက်ပြီ'

'သြော်…'

ပြီးမှ တစ်ခုသတိရသွားပြီး…

'နေပါဦး… ခုနက နင်က ငါ့နောက်လိုက်လာတာလို့ ပြောလိုက်တယ်မဟုတ်လား'

'အင်း… ဟုတ်တယ်'

'ဘာကိစ္စလဲ'

ရိုးရာက မျက်လုံးကို ကောင်မလေးဆီမှခွာလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

'ငါ နင့်ကို ပေးစရာလေးရှိလို့'

ကောင်မလေး၏ မျက်ခုံး ပင့်တက်သွားသည်။

ထိုအချိန်မှာ ရိုးရာက သူ့အိတ်ကပ်ကိုဖွင့်နေတာ တွေ့လိုက်ရသည်။

အိတ်ကပ်ကြယ်သီးများ ဖြုတ်လိုက်၏။

ထို့နောက် ရိုးရာ အိတ်ကပ်ထဲမှ မဲလိပ်လေးတစ်ခု ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှီးရာက မဲလိပ်ကိုဖြေပြီး တစ်ခွန်းတည်းသော စကား ဆိုသည်။

'ငါ နင့်ကိုချစ်တယ် စစ်စစ်'

ထို့နောက် မဲလိပ်ကလေးကို ကမ်းပေးသည်။

မဲလိပ်ပေါ်တွင် စစ်စစ်ဟူသော သူ့မနာမည်ကို ရေး ထားသည်။

'ငါ နင့်ကို ရှေးခေတ်တုန်းကလို တစ်နှစ်ပတ်လုံး အပျော်တွဲဖို့ မဟုတ်ပါဘူး၊ တစ်သက်ပတ်လုံး အတည်တွဲချင် လို့ ဒီမဲလိပ်လေး ပေးတာပါ'

ရုတ်တရက်ဆိုတော့ စစ်စစ်မှာ ကြောက်ပြီး ငေးကြည့် နေသည်။

ကင်တင်းထဲမှ မဲလိပ်နှိုက်လိုက်သော ရှီးရာ၏အသံကို လည်း ပြန်ကြားလာရသည်။

'နင်က ငါ့ကို ရည်းစားစကားပြောဖို့ ဒီမဲလိပ်တွေ လုပ်ထားတာပေါ့လေ၊ ဟုတ်လား...'

'အဟဲ... အဲဒီလိုလည်း ပြောလို့ရတယ်'

'ဒါဆို နင်က ငါ့ကို မဲလိပ်ပေးပြီး ရည်းစားစကား ပြောတာပေါ့'

'အင်း'



'ငါက နင့်ကို ချစ်၊ မချစ် အဖြေပြန်ပေးရင် ဘယ်လို ပေးရမလဲ'

'အဲ...'

ရှီးရာမှာ အစဉ်းစားရကျပ်သွားသည်။

စစ်စစ်ကတော့ ပြုံးစိပြုံးစိ လုပ်နေပြီးနောက်...

'စဉ်းစားလို့ ရပြီလား'

'ဟို... ရှီးရှီးတန်းတန်းပဲ အဖြေပေးလေဟာ'

'အာ... နင်က ခပ်ဆန်းဆန်းမဲလိပ်လုပ်ပြီး ငါ့ကို ရည်းစားစာပေးတာ ဆိုတော့ ငါ့အလှည့်ကျတော့လည်း ရှီးရှီး ကြီး ဘယ်ကောင်းမလဲဟာ'

ရှီးရာမှာ သူ့နည်းနဲ့သူ တိုင်ပတ်နေသည်။

'ငါ့မှာတော့ နည်းလမ်းတစ်ခု ရှိတယ်'

စစ်စစ်ရဲ့ မချိုမချဉ်မျက်နှာလေးကြောင့် ရှီးရာမှာ မသက်သာ ဖြစ်သွားသည်။

'ဘာနည်းလမ်းလဲ'

'ငါ နင့်ကိုချစ်ရင် နှင်းဆီပွင့်လေး ပေးမယ်လေ'

'ဟင်... နင့်နည်းလမ်းက ဆန်းမှမဆန်းတာ'

'ငါချစ်ရင်ပေးမယ့် နှင်းဆီပန်းက ရှီးရှီးနှင်းဆီပန်း မဟုတ်ဘူးဟ'

'ဘာနှင်းဆီပန်းလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပိုးစုန်းကြူးလို အမှောင်ထဲမှာလင်းနေတဲ့ နှင်းဆီပန်း'

'အံမယ်… တယ်ဟုတ်ပါလား၊ ဒါဆို နင့်မှာ အဲဒီ နှင်းဆီပန်း ရှိတယ်ပေါ့'

'မရှိဘူး'

'ဟာ… ဒါဆို နင် ငါ့ကို ချစ်တယ်ဆိုရင် ဘယ်လို လုပ်ပေးမလဲ'

'အဲဒါတော့ ငါ မသိဘူး၊ နင့်ကို ငါကချစ်ရင်ပေးမယ် လို့ စိတ်ကူးမိတာပါ'

'အာ'

စစ်စစ်က သူ့ကို ညစ်နေပြီ ဖြစ်သည်။

ရိုးရာက စစ်စစ်ကို ကြည့်လိုက်ပြီး…

'နင် ငါ့ကိုမချစ်လို့ အဲဒီလိုမျိုးပြောတာလား'

'ငါမသိသေးဘူးဟ၊ နင်နဲ့ငါ ချစ်သူဖြစ်ဖို့ ကံပါရင် တစ်ယောက်ယောက်က အဲဒီနှင်းဆီပန်းကလေး ပေးမှာပေါ့'

ဟုဆိုပြီး ရိုးရာရှေ့မှ ထွက်သွားလေသည်။

ရိုးရာမှာ ငူငိုင်ပြီး ကျန်ခဲ့လေသည်။

ထို့နောက် တစ်စုံတစ်ခု သတိရသွားပြီး စစ်စစ်ကို လှမ်းအော်လိုက်လေသည်။

'ငါ ဘယ်တော့ ကွဲကွဲပြားပြား အဖြေသိရမှာလဲ'

'၂၅ ရက်နေ့'

ဒီနေ့က (၂၃)ရက်နေ့ဖြစ်သောကြောင့် သဘက်ခါပေး မည်ဟု ပြောသွားခြင်း ဖြစ်သည်။ ထိုနေရာ၌ သူ ရင်မောစွာ ကျန်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၉)

'ဆရာမ'

နောက်ကခေါ်လိုက်တဲ့ အသံကြောင့် ရှေ့ကသွားနေသော ရက္ခဗေဒဆရာမမှာ လန့်သွားပြီးနောက်ကို လှည့်ကြည့်သည်။

'အံမယ်… မောင်ရိုးရာပါလား၊ ဒီမှောကို ဘာလာလုပ်တာလဲ'

'ဆရာမကို လာရှာတာ'

'ဘာကိစ္စလဲ'

'ဟို… ဆရာမရယ်'

ဘယ်လိုကဘယ်လို စမေးလို့ မေးရမှန်းမသိ ဖြစ်သွားသည်။ ဆရာမက ကော်ရစ်တာမှာ လမ်းလျှောက်ရင်း စာအုပ်



များ တပွေ့တပိုက်ဖြင့် သူ့စကားကို နားထောင်နေသည်။

'ဟို… ဆရာမ၊ အတန်းဝင်တော့မှာလား'

'ဟုတ်တယ်'

'ဒါဆို ကျွန်တော်လိုက်ပို့ရင်း… ဟို… ဘယ်လိုပြောရမလဲ၊ မေးစရာလေးရှိလို့'

ဟုဆိုပြီး ဆရာမလက်ထဲမှ စာအုပ်များကို လှမ်းယူလိုက်သည်။ ထို့နောက် ဆရာမနှင့် အတူတူလမ်းလျှောက်လိုက်ရင်း သူမေးချင်ရာများကို စမေးလိုက်သည်။

'ဆရာမ…'

'ပြောလေ… မောင်ရိုးရာ'

'ဟိုလေ… ဆရာမရယ်၊ နှင်းဆီမှာ ပိုးစုန်းကြူးလို လင်းတဲ့နှင်းဆီ ရှိလား'

ဆရာမမှာ မျက်မှောက်ကြုတ်သွားပြီး…

'မရှိလောက်ဘူး ထင်တယ်၊ ဆရာမလည်း မကြားဖူးဘူး'

ဆရာမစကားကြောင့် ရိုးရာမှာ စိတ်ပျက်သွားသည်။

ဒါဆို စစ်စစ်က သူ့ကို မချစ်ဘူးပေါ့။ ရှေ့တွင်လည်း ဆရာမဝင်ရတော့မည့်အတန်းကို ရောက်နေလေပြီ။

ဆရာမက သူ့လက်ထဲမှစာအုပ်ကို လှမ်းယူလိုက်ပြီး…

'အဲဒီလိုနှင်းဆီမျိုးတော့ မကြားဖူးဘူး၊ ဒါပေမဲ့ နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်တဲ့ ခပ်ဆန်းဆန်းအကြောင်းအရာတွေ ရေးထားတဲ့ ဆောင်းပါးလေးတစ်ပုဒ်တော့ ရှိတယ်'

ဟုဆိုသောကြောင့် ရိုးရာမှာ ပြန်လည်အားတက်သွားပြီး...

'ဟာ... အဲဒီဆောင်းပါး ဆရာမဆီမှာ ရှိလား'

'ဆရာမဆီမှာတော့ မရှိတော့ဘူး၊ ကျောင်းစာကြည့်တိုက်မှာတော့ ရှိတယ်၊ မနေ့ကလေးတင် ဆရာမပြန်ပို့ထားတဲ့ စာအုပ်ဆိုရင် သူတို့ သိတယ်'

'ဟုတ်ကဲ့ ဆရာမ၊ ကျွန်တော်ယူပြီး ဖတ်ကြည့်လိုက်မယ်၊ ကျေးဇူးပဲ'

ဟုဆိုပြီး စာကြည့်တိုက်သို့ လှည့်ထွက်လာခဲ့လိုက်သည်။

ရိုးရာမှာ စာကြည့်တိုက်ဆီသို့ ရောက်သောအခါ စာကြည့်တိုက်မှူးအား...

'ဟိုတစ်နေ့က ဆရာမဒေါ်ခင်သန်းအေး ပြန်အပ်သွားတဲ့စာအုပ်လေး၊ အဲဒါလေး ဖတ်ချင်လို့'

'သြော်... ခဏလေးနော်'

ဟုဆိုပြီး အင်္ဂလိပ်စာအုပ်အထူကြီးတစ်အုပ် ထုတ်ပေး၏။

သူလည်း စားပွဲတစ်ခုမှာ နေရာယူလိုက်ပြီး ထိုစာအုပ်၏မာတိကာကို စတင်လှန်လိုက်လေသည်။



ခဏအကြာတွင် ရိုးရာကို ဈေးတန်းတစ်ခုတွင် တွေ့မြင်ရပြီး ဓာတုဗေဒဆိုင်တစ်ဆိုင်၌ ပစ္စည်းအချို့ဝယ်နေသည်ကို တွေ့ရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

'သမီးရေ… သမီးအတွက် ဗူးလေးတစ်ဗူး ရောက်နေတယ်၊ သမီးအတွက် သူငယ်ချင်းက လက်ဆောင်ဆိုပြီး ပေးသွားတာ'

ကျောင်းကအပြန် အိမ်ထဲသို့ဝင်ဝင်ချင်း မေမေ့အသံကြောင့် ခုံပေါ်ကဗူးကို ကောက်ယူလိုက်သည်။

ထို့နောက် အိမ်ပေါ်သို့တက်ရန် လှမ်းလိုက်သည်။

'သမီး'

'ရှင်'

'သမီး ရည်းစား ရနေပြီလား'

သူ့အဖေက သူ့ကို မသင်္ကာသလို မေး၏။



'မရသေးပါဘူး အစ်မရယ်၊ သမီးမွေးနေ့ နီးလာပြီဆိုတော့ သူငယ်ချင်းတွေက သမီး အံ့သြအောင် လက်ဆောင်ကြို ပေးတာ ဖြစ်မှာပေါ့'

ဟုဆိုပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အခန်းထဲရောက်သောအခါတွင် ဗူးကို ခုံပေါ်တင်လိုက်ပြီး ဖွင့်ကြည့်လိုက်သည်။

'ဟင်'

ဗူးထဲတွင် လင်းလက်ပြိုးတောက်ပနေသော နှင်းဆီပန်းလေးတစ်ပွင့်ကို တွေ့လိုက်ရသည်။

နှင်းဆီပန်းအောက်တွင်လည်း အနက်ရောင်ကတ္တီပါလေးတစ်ခု ခင်းထားလေသည်။

နှင်းဆီပန်းကို ကိုင်ကြည့်သောအခါတွင်လည်း အစစ်ဖြစ်နေသည်ကို တွေ့ရလေသည်။

နှင်းဆီပန်းကို ဗူးထဲမှ ယုယုယယလေးထုတ်လိုက်ပြီး အတွေးထဲမှာလည်း ရီးရာမျက်နှာကို မြင်ယောင်နေမိလေသည်။

မည်သို့ပင်ဖြစ်စေ သူမကတော့ ရီးရာကို ချစ်တယ်ဆိုတဲ့အဖြေပေးဖို့ စဉ်းစားထားပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု နှင်းဆီပန်းလေးရောက်လာတော့ နှင်းဆီပန်းလေး ပေးပြီး အဖြေပေးရတော့မည် ဖြစ်သည်။

မှတ်ချက်။ ။ ငှမ်းနှင်းဆီပန်းလုပ်နည်းအား ဝတ္ထုစာအုပ်၏နောက် ဘက်တွင် ဖော်ပြထားသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် သူတို့နှစ်ယောက်

ချစ်သူ ဖြစ်သွားကြတယ်ပေါ့

ပြီးတော့

ကျောင်းမှာလည်း နာမည်ကြီးစုံတွဲတစ်တွဲ

ဖြစ်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

သူတို့နှစ်ယောက် ချစ်သူဖြစ်ပြီး တစ်ရက်မှာပေါ့။

ရှီးရာသည် ကင်တင်းရှိ စားပွဲတစ်ခုတွင် စစ်စစ်ကို ထိုင်စောင့်နေရင်း သတင်းစာအဟောင်းတစ်ခုကို ဟန်နဲ့ပန်နဲ့ ဖတ်နေသည်။

သတင်းစာမှာ လက်ထဲက သတင်းစာတစ်စောင်ပဲ လားဆိုတော့ မဟုတ်ပြန်။

ခုံပေါ်တွင်လည်း သတင်းစာအထပ်လိုက်ကြီး တင်ထားသေးသည်။

သတင်းစာမှာ လွန်စွာဟောင်းနွမ်းနေပြီး ရှေးခေတ်က သတင်းစာများလည်း ဖြစ်သည်။

ရှီးရာမှာ ခြေထောက်ကိုချိတ်ပြီး သတင်းစာကို စားပွဲပေါ်ဖြန့်ကာ လက်ကလည်း ကော်ဖီကို တစ်ငုံ၊ နှစ်ငုံ လှမ်းသောက်လိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ တစ်စုံတစ်ခုကို သဘောအကျကြီးကျနေသည့် ပုံစံလည်း ဖြစ်နေသည်။

တစ်ခါတစ်ခါဆို ရယ်နေလေသေး၏။

ပါးစပ်ကလည်း…

'အားကျလိုက်တာကွာ'

'ဟာ… ဟုတ်လှချည်လား'

'ကျွတ်… ကျွတ်… ကျွတ်…'

ဟု ဆိုပြီးလည်း မကြာခဏ ရေရွတ်နေသည်။

သူ့ပုံစံကိုကြည့်ပြီး ဘေးနားမှာထိုင်နေတဲ့ဝိုင်းက ကျောင်းသားများက စိတ်ဝင်စားလာကြပြီး…

'ရှီးရာ'

'ဟင်… ပြော'

မျက်နှာကို သတင်းစာမှမခွာဘဲ တစ်ဖက်ဝိုင်းကို ပြန်ထူးလိုက်သည်။

'ဘာတွေ ဖတ်နေတာလဲ'

'သတင်းစာလေ'

ဘေးဘက်ဝိုင်းက ကျောင်းသားတစ်ယောက်က သတင်းစာတစ်စောင်ကို ကိုင်ကြည့်လိုက်သည်။

'ဟာ… ရှေးခေတ်က သတင်းစာတွေပဲ၊ မင်း ဘယ်ကရလာတာလဲ'



'စာကြည့်တိုက်က ခဏငှားလာတာလေ၊ ဖတ်ကြည့်ချင်လို့၊ ကောင်းတယ်ကွ'

'ဘာတွေကောင်းပြီး ဘာတွေရယ်နေတာလဲ'

ရှီးရာက ဖတ်လက်စသတင်းတစ်ပုဒ်ကို လက်ညှိုးနဲ့ထောက်ထားလိုက်ပြီး…

'ဒီသတင်းတစ်ပုဒ်ဆို ငါ တော်တော်အားကျနေတာ၊ ငါတောင် လုပ်မလား စဉ်းစားနေတယ်'

'ဘာသတင်းလဲကွ'

တစ်ဖက်ဝိုင်းက လူအများက ရှီးရာဝိုင်းဘက်သို့ ခုံများတိုးလိုက်ကြသည်။

ရှီးရာကလည်း သူဖတ်လက်စသတင်းကို ဖတ်ပြလိုက်သည်။

**ပိုလန်ပြည်အရှေ့ပိုင်း ဒက်ကာစကီမြို့နေ လက်ဆွဲကျော်တစ်ဦးသည် လက်မှတ်တစ်စောင်လျှင်(၇)ညှိုလင်(၆)ပဲနီထား၍ မိမိကိုယ်ကို ထီဖွင့်လေသည်။ ထိုထိုးသော မိန်းမများမှာ အသက် ၃၀ မကျော်ရဟု ကန့်သတ်ထားလေသည်။ ထီပေါက်သော မိန်းကလေးသည် ၄င်းကို လင်အဖြစ်ယူရမည် ဖြစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



ရိုးရာ ဖတ်ပြသည့်အဆုံးတွင် အားလုံးက ရယ်လိုက်ကြသည်။

'ဪ… မင်းက ထိဖွင့်ချင်နေတယ်ပေါ့'

'အဟဲ… အဲဒီလိုလည်း မဟုတ်ပါဘူးကွ၊ ပိုက်ဆံပြတ်တဲ့အခါလေး ဘစ်နှစ် တစ်ခါလောက် လုပ်မလားလို့'

ဟုဆိုပြီး ပြောင်စပ်စပ်လုပ်ကာ သတင်းစာဆက်ဖတ်ပြနေလေ၏။

'နောက်သတင်းတစ်ပုဒ် ရှိသေးတယ်'

'ဘာသတင်းလဲ'

'သေချာနားထောင် ငါဖတ်ပြမယ်၊ သိပ်အားကျစရာကောင်းတဲ့သတင်းကွ'

'သိပ်အားကျစရာကောင်းတဲ့သတင်း' ဆို၍ အားလုံးမှာ နားစွင့်ပြီးသား ဖြစ်နေကြသည်။

ရိုးရာကလည်း အသံနေ အသံထားဖြင့် ဖတ်ပြသည်။

**အီဂျစ်ပြည်မှ အာမက်မိုဟာမက်အစ်ကားဆိုသူ ယန်းရိုးဆရာတစ်ဦးသည် မယားပေါင်း ၆၀ တိတိယူပြီးပြီဟုဆို၏။ ကိုင်ရိုမြို့ထုတ် အယ်လယ်ရိုင်းမဂ္ဂဇင်းသို့ အစ်ကားက ပြောပြ ရာတွင် ၎င်းမှာ ၁၄ နှစ်သားကစ၍ အိမ်ထောင်ပြုတာ တစ်နှစ်လျှင် မိန်းကလေး ၂ ဦး သို့မဟုတ် ၃ ဦးကျ အမြဲတမ်း လက်ထပ်ခဲ့သည်ဆိုကြောင်း။**



**ထိုကဲ့သို့ မိမိလက်ထက်ပြီး ကွာပစ်လိုက်သူပေါင်း ၃၉ ဦးရှိပြီဆို၏။**

**ထိုသို့သော မိန်းမများကို ကွာရှင်းရာတွင် အစ်ကားအဖို့ ငွေကြေးကြေးရေးအခက်အခဲ ဘာမျှမတွေ့ရဘဲ သင့်တင့်သော လျော်ကြေးငွေပေးမှုဖြင့်သာ နှစ်သိမ့်စေနိုင်ခဲ့သည် ဆို၏။**

**အစ်ကား ပေါင်းသင်းခဲ့ရသည့် မိန်းမတို့အနက် ဆူဒန်အမျိုးသမီးမှာ အသင့်တော်ဆုံးဖြစ်သည်ဟုလည်း ပြောပြ၏။ ယခုအခါတွင် အစ်ကားမှာ မိမိ လက်ထပ်ခဲ့သည့်မယားများ၏နာမည်ကိုပင် မမှတ်မိတော့ကြောင်း၊ သားသမီးလည်း ဘယ်နှစ်ယောက်ရှိသည်ကိုပင် မသိရှိတော့ကြောင်း၊ သို့ပေမဲ့ အကြီးသားသမီးတွေတော့ သေကုန်ပြီ။ ၁၇ ယောက်သာ ကျန်တော့တယ်ဟု ဝမ်းနည်းပက်လက် ရေတွက်ပြလိုက်သေး၏။**

ရိုးရာက 'သိပ်မိုက်တယ်'၊'သိပ်နိုက်တယ်' ဟု ရေရွတ်ရင်း နောက်ထပ် သတင်းစာတစ်ခု ကောက်ကိုင်လိုက်သည်။

ထိုအချိန်တွင် 'ဒုန်း' ဆိုသော ခုံထုသံနှင့်အတူ စစ်စစ်မျက်နှာကို မြင်လိုက်ရ၏။

'ရိုးရာ'

စစ်စစ်၏ အော်သံကြောင့် ရိုးရာအပြင် အခြားလူများပါ လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဘာလဲဟ'

'နင်ပြောတာတွေကို ငါ နောက်ကနေ ကြားနေရတယ်'

'နင် ရောက်... ရောက်နေတာ ကြာပြီပေါ့'

ရီးရာက မျက်လုံးသူငယ်၊ နားသူငယ်လေးနှင့် ပြန်မေးလိုက်သည်။

'ကြာပြီ'

စစ်စစ်မှာ စိတ်ဆိုးနေပုံရသည်။

'နင်က မိန်းမတွေအများကြီးယူတာကို တော်တော်အားကျနေတယ်ပေါ့လေ၊ ဟုတ်လား'

'အာ... မဟုတ်ရပါဘူး၊ နောက်နေတာပါ'

ရီးရာက အကြောက်အကန် ရှင်းပြသည်။

စစ်စစ်က လက်မခံ။

'နင့်ပုံစံကို နောက်ကနေ ငါကြည့်နေတာ နင်က တကယ်ပြောနေတဲ့ပုံစံနဲ့၊ အဟီး... ဟီး...'

ဆိုပြီး ငိုလေတော့သည်။

အားလုံးမှာလည်း ကြောင်သွားပြီး ရီးရာလည်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားသည်။

တချို့ကတော့ ရီးရာရဲ့ ဒုက္ခကို ပြုံးစိစိနဲ့ ကြည့်နေကြ၏။

'ငါ... ငါ နောက်နေတာပါဟ'



'မဟုတ်ဘူး၊ နင့်ပုံစံက အတည်ပြောနေတဲ့ ပုံစံကြီး'

အဆက်မပြတ် ငိုနေလေတော့သည်။

'နင်ကလည်းဟာ အဲဒီသတင်းတွေက မှန်ချင်မှ မှန်နိုင်တဲ့အတွက် ငါကလည်း အပျော်ဖတ်နေတာပါ'

စစ်စစ်က ဘာမှပြန်မပြောချေ။

'ငါက နင့်တစ်ယောက်တည်းကိုပဲချစ်ပြီး တစ်သက်လုံး လက်ထပ်အတူတူနေသွားချင်တာပါဟာ'

ရီးရာက ကြေကွဲသံလေးထည့်ပြီး ပြောသည်။

အခုအချိန်တွင် ရီးရာသည် သတင်းစာအဟောင်းများကို ခပ်လှမ်းလှမ်းသို့ တွန်းပို့ထားရပြီဖြစ်သည်။

သူတို့ရှေ့တွင်သာ ဖတ်လက်စသတင်းစာတစ်စောင်ပဲ ကျန်ရစ်ခဲ့သည်။ စစ်စစ်ကလည်း တရှုပ်ရှုပ်ငိုနေလေ၏။

'အဲဒီသတင်းတွေက အမှန်မဟုတ်လောက်ပါဘူးဟာ၊ နော်၊ ငါက စတာပါ၊ မငိုနဲ့တော့နော်၊ ငါ ဘာလုပ်ပေးရမလဲ'

စစ်စစ်မှာ အရင်ကလောက် မငိုတော့ဘဲ အနည်းငယ် တိတ်သွားသည်။

ရှေ့မှာချထားသော သတင်းစာကို စိုက်ကြည့်နေပြီး ရီးရာကိုတော့ စကားပြန်မပြောသေးချေ။

ကင်တင်းရှိလူများက သူတို့နှစ်ယောက်အဖြစ်ကိုပဲ စိတ်ဝင်တစား ကြည့်နေကြ၏။

'ရီးရာတော့ ခံနေရပြီဟေ့'ဟု ဆိုသူက ဆို၊ 'ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်… နောက်ချင်တာကိုး’ဟု ပြောသူက ပြောနှင့် စကားသံတွေ ပလူပျံနေသည်။

‘စစ်စစ်’

‘ဘာလဲ’

ပြန်ထူး၍ အခြေအနေနည်းနည်းကောင်းနေသည်။

‘ငါ့ကို ခွင့်လွှတ်နော်၊ ငါ ဘာလုပ်ပေးရမလဲ’

စစ်စစ်က သတင်းစာကို စိုက်ကြည့်နေရင်းမှ…

‘တကယ်လုပ်ပေးမှာလား’

‘အေးပါ… နင်သာ မငိုနဲ့တော့’

ချက်ချင်းဆိုသလိုပင် စစ်စစ်က မျက်ရည်များ သုတ်ပစ်လိုက်၏။

ထို့နောက် သူ့ရှေ့က သတင်းစာကို ရိုးရာဘက် တိုးပေးလိုက်ပြီး…

‘ငါက မနက်စောစော အိပ်ရာထ နောက်ကျတတ်တယ်၊ ဒီတော့ ဒီသတင်းထဲက နာရီ လိုချင်တယ်’

ရိုးရာမှာ သတင်းစာကိုယူဖတ်လိုက်ပြီး စိတ်ပျက်သွားလေ၏။

■



ပေါ်တူဂီ နီပါယ်မြို့မှ နာရီပြုလုပ်သူတစ်ဦးသည် အအိပ် ကြီးသူတို့အတွက် နှိုးစက်ခလုတ်ဖြင့် နာရီ တစ်မျိုးကိုတွင်ပြီး မှတ်ပုံတင်လိုက်ပြီဆို၏။ တိတွင် သူက ၎င်း၏နာရီမှာ ကမ္ဘာပေါ်၌ မပေါ်ပေါက်သေးဘူးဟု ဆို၏။

ထိုနာရီမှာ နှိုးနှိုးနှိုးစက်သံမြည်လာသော အချိန်၌ အိပ်နေသူသည် စက်ကိုထ၍မပိတ်ပါက အတွင်းရှိ လျှပ်စစ်ခလုတ်က အသံစုံသွင်းထားသော တိတ် ကော်ပြားတစ်ခွေကို ပြန်လည် အသံလွှင့်မည်ဖြစ်ရာ ထိုအသံမှာ ကားဟွန်းသံ၊ ခွေးဟောင်သံရှည်ကြီး၊ ခြောက်လုံးပြူးသေနတ်သံများဖြစ်၍ ထိုမျှနှင့် မနိုးသေးပါမူ နောက်ဆုံး အမြောက်တစ်ချက်ပစ်ခတ်သံပင် ပါလိုက်သေးသည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

နာမည်ကြီးနာရီဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

အရောင်းစာရေးမလေးတွေက အပြုံးချိုချိုနှင့်နှုတ်ဆက်သည်။ သူကလည်း မသက်မသာပုံစံဖြင့် သူတို့ကို ပြန်ပြုံးပြလိုက်သည်။

'နာရီမျိုးစုံရှိပါတယ်၊ ဘယ်နိုင်ငံကဟာ လိုချင်ပါသလဲ'

'အဟီး…'

ရိုးရာက သူတို့ကို တစ်ချက်ရယ်ပြလိုက်ပြီး…

'ဒီ… ဒီလိုနာရီမျိုး ရှိလား'

ဟုဆိုကာ သတင်းဖြတ်ပိုင်းလေးပါသော စာရွက်ကို ထိုးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်းစာရေးမလေးကလည်း မျက်မှောင်ကြုတ်ပြီး စာရွက်ကို လှမ်းယူသည်။ ဘေးနားကရှိသော အရောင်းစာရေးမလေးကလည်း စပ်စပ်စုစုနှင့် ဝင်ကြည့်၏။

သူတို့ ဖတ်နေစဉ်တွင် ရိုးရာကလည်း ရှက်ရှက်နှင့်ပင် နာရီများကို ဟိုကြည့်ဒီကြည့် လုပ်နေလိုက်သည်။

စာရေးမလေးများ၏ တခိခိရယ်သံကို ကြားလိုက်ရသည်။ ထို့နောက် စာရေးမလေးက စာရွက်ပြန်ပေးလိုက်ပြီး စပ်ဖြီးဖြီးမျက်နှာနှင့်…

'ဒီနိုင်ငံမှာတော့ မရှိဘူးရှင့်၊ အဲဒီထဲမှာ ရေးထားတဲ့ ပေါ်တူဂီ နီပါတ်မြို့မှာ သွားဝယ်မှ ရမယ်ထင်တယ်၊ အဟီး…'

'အဲ… ရပါတယ်'

ရိုးရာလည်း ဆိုင်ထဲမှ ခပ်သွက်သွက်ပြန်ထွက်လာခဲ့သည်။

မေးမယ့်သာ မေးရသည်။ နာရီဆိုင်တွေမှာ ရှိမှာမဟုတ်ဟု သူလည်း တွေးမိသည်။

ရှိလိုရှိငြား ကံစမ်းမေးလိုက်ခြင်းဖြစ်သည်။

ဒီနာရီကလည်း မရလို့မဖြစ်။ မရပါက စစ်စစ်မှာ တကယ်စိတ်ကောက်မပြေမည့်ပုံစံ ရှိနေသည်။

ငါကိုက ရှည်တာပါဟု ရေရွတ်လိုက်ရင်း ဦးတည်ရာမဲ့ လျှောက်နေမိသည်။



တစ်နေရာအရောက်တွင် ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရ၏။

နာရီပြင်တဲ့ဆိုင်လေး ဖြစ်သည်။

သူ့နာရီကို ပြင်ဖူးသည့်ဆိုင်ဟုလည်း အမှတ်ရလိုက်သည်။

ပြင်ပေးသည့်ဦးလေးကြီးမှာ နည်းနည်းလေပေါပြီး သဘောကောင်း၏။

သူ့ဆိုင်နာမည်က နာနာရီရီ နာရီပြုပြင်ရေးတဲ့။

ဒါနဲ့ပဲ သူ့ကို ဦးနာဟု အလွယ်တကူခေါ်ဖြစ်သည်။

'ဦးနာကြီး'

'အာ… အင်း…'

နာရီပြင်သည့် ဦးလေးကြီးမှာ ဇဝေဇဝါဖြစ်သွားပုံရပြီး…

'ငါ မင်းကို သိပါတယ်၊ ပါးစပ်ဖျားတင် မေ့နေတယ်၊ ဘာနတ်တင်တာဆိုလားပဲ'

'ဟာ… ရိုးရာပါဗျ'

'ဪ… အေး… ငါက နတ်တင်တာနဲ့ တွဲမှတ်ထားတာ၊ မှတ်မိပြီ၊ ရိုးရာနတ်တင်တာ'

ဦးနာစကားကြောင့် ရိုးရာမှာ နတ်ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကဲ… ပြောပါဦး၊ နာရီက ဘာဖြစ်ပြန်ပြီလဲ’

‘နာရီက ဘာမှမဖြစ်ပါဘူးဗျ’

‘ဒါဆို ဘာက ဘာဖြစ်တာလဲ’

မြန်မြန်ရှင်းပြမှ ဖြစ်တော့မည်ဟု တွေးမိကာ သတင်းစာရွက်လေးကို အမြန်ထုတ်ပြလိုက်ရသည်။

ဦးနာက သေချာကြည့်သည်။ မှုန်ဝါးနေလို့လား မသိ မျက်မှန်တပ်ပြန်၏။ ပြီးမှ…

‘အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ’

‘ဒီနာရီ ဘယ်မှာရှိလဲ သိလား’

‘ဟာ… ဘယ်မှာရှိမလဲကွ၊ သတင်းကလည်း ကြာပြီဆိုတော့ ငါလို နာရီဘိုးအေတောင် မသိဘူးကွ’

ဟု ဆိုပြီး မျက်ခုံးလေးပင့်ကာပင့်ကာနဲ့ ပြော၏။

ရိုးရာလည်း စိတ်ညစ်သွားပြီး…

‘ဟူး… ဒုက္ခပါပဲကွာ’

‘နေပါဦး၊ ဒီနာရီက အရေးကြီးလို့လား’

‘ဟာ… ကြီးတယ်၊ ကြီးတယ်’

ဟုဆိုပြီး နာရီအရေးကြီးပုံကို ထပ်ရှင်းပြရသေးသည်။

‘မင်းတို့လူငယ်တွေက မလွယ်ပါလားကွာ၊ ပေါက်ပေါက်ရှာရှာ’





‘ပေါက်ပေါက်ရှာရှာမို့လို့လည်း စိတ်ညစ်နေတာပေါ့ ဦးနာရာ’

‘နေဦး… ငါ စဉ်းစားမိတာတစ်ခုရှိတယ်’

‘ဟင်… ဟုတ်လား၊ လုပ်ပါဦး’

‘ငါကကွာ၊ နာရီမှာ တစ်ဖက်ကမ်းခတ်ကျွမ်းတော့ ကာ…’

‘အဲ… အင်း… ဟုတ်တာပေါ့’

အခုအချိန်မှာ သူက ဘာပြောပြော ခေါင်းညိတ်ရတော့မည့်အခြေအနေ ဖြစ်နေသည်။

‘ဒီသတင်းစာရွက်ကို ငါ့ဆီမှာ ခဏထားခဲ့’

‘ထားတာတော့ ရပါတယ်၊ ဘယ်လိုစီစဉ်ပေးမှာလဲ’

‘ငါ ဒီနာရီကို ထွင်ကြည့်ပေးမယ်လေကွာ’

ဒီတစ်ခါ မျက်ခုံးတွန့်သွားရတာကတော့ ရိုးရာဖြစ်သည်။

‘ဘာလဲ… မင်းက ငါလို နာရီဘိုးအေကြီးကိုတောင် အထင်သေးတာလား’

‘ဟာ… အထင်မသေးရဲပါဘူး၊ ယုံပါတယ်’

မျှော်လင့်ချက်မရှိတာထက်စာရင် သူပြောတဲ့ အကြံဉာဏ်က မဆိုးဘူးဟု တွေးမိလိုက်ပြီး လက်ခံလိုက်သည်။

‘ဘယ်နေ့ ပြန်လာရမလဲ’

www.burmeseclassic.com

www.burmeseclassic.com



'မင်းမှာ ဖုန်းနံပါတ်ရှိတယ်မဟုတ်လား၊ ငါ ဆက်လိုက်မယ်'

သူလည်း ဖုန်းနံပါတ်ရေးပေးလိုက်ပြီး နာနာရီရီ နာရီပြုပြင်ရေးမှ နာနာကျင်ကျင် ပြန်ထွက်ခဲ့ရသည်။

ဘာမှလုပ်စရာမရှိသောကြောင့် စိတ်ညစ်လျှင် သွားထိုင်တတ်သည့် အင်တာနက်ဆိုင်သို့ ဦးတည်လိုက်သည်။

■



(၁၃)

နာရီမရသေးသည့် ကြားကာလတွင် စစ်စစ်က သူ့ကိုလာတွေ့ခွင့်မပေးချေ။

လွမ်းကလည်း လွမ်း၊ ပျင်းကလည်းပျင်းနှင့် ကျောင်းထဲမှာပဲ ပေါက်ကရမျိုးစုံ လျှောက်လုပ်နေလိုက်သည်။

ထိုအချိန်တွင် စစ်စစ်မှာလည်း ဒုက္ခရောက်နေလေသည်။ သူ့သူငယ်ချင်းများနှင့် ကင်တင်းမှာ ထိုင်နေချိန်တွင် ကောင်မလေးတစ်ယောက် ဝင်လာပြီး...

'အစ်မ'

'ဟင်... ဘာလဲ'

'ကိုရိုးရာနဲ့က စိတ်ကောက်နေတာလား၊ ပြတ်သွားတာလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး အမေးခံလိုက်ရသောကြောင့် စစ်စစ်မှာ ထူပူသွား၏။

စပ်စပ်စုစု လာမေးသော ကောင်မလေးကိုလည်း အနည်းငယ် စိတ်တိုသွားသည်။

သို့သော် ကောင်မလေးမှာ သူ့ထက်ငယ်ပုံရပြီး ယဉ်ယဉ်ကျေးကျေးလာမေးနေသောကြောင့် အခက်တွေ့နေလေသည်။

'ညီမလေးက ဘာလုပ်မလို့လဲ'

'ဩော်… ဘာမှမဟုတ်ပါဘူး၊ သိချင်လို့ပါ'

ဒါနဲ့ပဲ စစ်စစ်လည်း မဖြေချင့် ဖြေချင်နဲ့ပဲ ဖြေလိုက်ရသည်။

'စိတ်ကောက်နေတာ'

စစ်စစ် အဖြေကြားတော့ ကောင်မလေးမှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး…

'အကြာကြီးလည်း စိတ်မကောက်နဲ့ အစ်မရဲ့၊ ကိုရိုးရာက ချောလည်းချောတယ်၊ စိတ်သဘောထားလည်း ကောင်းတယ်ဆိုတော့ တခြားကောင်မလေးတွေဘက် စိတ်ယိုင်သွားမှာစိုးလို့ လာသတိပေးတာပါ'

ဟု ပြောချင်ရာပြောပြီး ထွက်သွားလေတော့သည်။

လှစ်ခနဲထွက်သွားသည်မှာ ပြန်ပြောချိန်ပင် မရလိုက်။



ခဏကြာသောအခါတွင် နောက်ထပ် ကောင်မလေးတစ်ယောက်သည် အလောတကြီး ပြေးဝင်လာပြန်၏။

'ရိုးရာ… ရိုးရာရေ'

'ဟင်… ဘာ… ဘာဖြစ်လို့လဲ'

ဝင်လာသော ကောင်မလေး၏ အထိတ်တလန့် မေးသံကြောင့် စစ်စစ်လည်း လန့်သွားသည်။

'သူ ဒီမှာမရှိဘူးလား'

'မရှိဘူး၊ ဘာဖြစ်လို့လဲ'

'ဘယ်မှာရှိမယ်ထင်လဲဟင်'

'ကင်တင်းမှာပဲထင်တယ်'

'သွားကြည့်လိုက်ဦးမယ်၊ ရိုးရာ… ရိုးရာ၊ နင် ငါ့ကို ရင်တုန်အောင်လုပ်တယ်'

ဟု ပွစိပွစိပြောရင်း ထွက်သွားလေတော့သည်။

စစ်စစ်က ဘာဖြစ်တာလဲဟု မေးတာပင် မဖြေနိုင်ဘဲ ခပ်သုတ်သုတ်ဖြင့် ထွက်သွားလေသည်။

ကြာတော့ စစ်စစ်မှာ ထိုင်နေရတာကိုပင် မရိုးမရွ ဖြစ်လာသည်။

သူ့သူငယ်ချင်းတစ်ယောက်က…

'ဟဲ့… စစ်စစ်'

'ဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နင် ရိုးရာကို စိတ်ကောက်ပြီး မတွေ့ဘဲ မလုပ်နေနဲ့ဦးနော်၊ သူက စွဲတော့ တော်ကြာ…'

စကားပင် မဆုံးသေး။ စစ်စစ်က ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။

ထို့နောက် စစ်စစ်သည် ဘာမပြော ညာမပြောနှင့် ရိုးရာကို ရှာရန်အတွက် ကင်တင်းမှ ထွက်သွားလေတော့သည်။

'ရိုးရာကို ဘယ်မှာတွေ့မိလဲ'

'ကင်တင်းမှာ'

လမ်းမှာတွေ့သော ကောင်မလေးတစ်ယောက်က ပြန်ဖြေသည်။ ထို့နောက် စစ်စစ်က…

'ဘာလုပ်နေတာလဲ မသိဘူး'

ဟု ပွစိပွစိလုပ်ရင်း သွားဟန်ပြင်လိုက်သည်။

'ဘာမှမလုပ်ပါဘူး စစ်စစ်ရဲ့၊ သူက နင့်ကို ဘယ်လောက်ချစ်ကြောင်း သူများတွေမေးတဲ့ အင်တာဗျူးကို ဖြေနေတာ'

'ဟင်…'

■



(၁၄)

'နင်က သူ့ကို ဘယ်လောက်ထိချစ်တာလဲ'

'လက်တစ်ဆုပ်စာ ချစ်တယ်'

'ဟာ… နင်ကလည်း နည်းလိုက်တာ ရိုးရာရယ်'

'အာ… ဘာသိလို့လဲ၊ ချစ်သူတွေဖြစ်ကြရင် လက်ကိုင်ကြတယ်မဟုတ်လား'

'အေးလေ'

'ဟိုသီချင်းတောင်ရှိသေးတယ်၊ ဘာတဲ့… မောင်ခေါ်ရာလိုက်ခဲ့တော့ကွယ် အချစ်ဆုံးသူလေးရယ်'

'အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'ငါက သူ့လက်ကလေးကိုဆုပ်ကိုင်ထားပြီး တစ်သက်လုံး လက်ထပ်ပေါင်းသင်းပြီး ချစ်သွားမယ်လို့ ပြောတာပါဟ'

www.burmeseclassic.com

www.burmeseclassic.com



'အံမယ်... တူက အလာကြီးပဲ'

'ဟဲ... ဟဲ...'

ဤသို့ဖြင့် ရိုးရာကို ဝိုင်းမေးသောသူတွေ အများကြီး ရှိနေကြလေသည်။

တချို့ကလည်း ဘာရယ်မဟုတ် ဟိုမေး ဒီမေး။

တချို့ကတော့ ရိုးရာရဲ့ ပေါက်ကရအဖြေတွေကို ကြား ချင်၍ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ရိုးရာက မေးသမျှမေးခွန်းတွေ ကို နိုင်ခံဖြေနေသည်။

'ကိုရိုးရာကြီး'

'ဘာတုံး'

ကောင်မလေးတစ်ယောက်ကလည်း မေးပြန်သည်။

'ကိုရိုးရာကြီး စစ်စစ်နဲ့ညားသွားရင် သားလေးကို နာမည်ဘယ်လိုပေးမလဲ၊ သမီးလေးဆိုရင်ရော နာမည်ဘယ်လို ပေးမလဲ'

ရိုးရာက အဟီးဆိုပြီး ရက်ပြုံးလေး လုပ်လိုက်ပြန် သည်။

နောက်မှ...

'သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ရိုးရာစစ်စစ်လို့ ပေးမယ်'

'ဘုန်း...'



'အား...'

'ပေးဦးဟယ်... နာမည်ပေးဦး'

စစ်စစ်က သူ့နောက်ကျောမှ ရုတ်တရက်ထုလိုက် သောကြောင့် ရိုးရာမှာ ကင်တင်းထဲမှ ထွက်ပြေးရလေသည်။

စစ်စစ်ကလည်း ပြေးလိုက်လေ၏။

'ဟ... ဒါ ဘာလုပ်လို့လဲဟ'

'နင်က ငါ့ကွယ်ရာမှာ ပေါက်ကရတွေပြောနေတာ ကိုး'

'ငါ ဘာပြောလို့လဲဟ'

တကယ်တော့ စစ်စစ်မှာ ရက်ကိုးရက်ကန်းနှင့် လုပ် မိလုပ်ရာ လျှောက်လုပ်ခြင်းဖြစ်သည်။

သူ့စိတ်ထဲမှာတော့ ကြည်နူးနေ၏။

ဘာပဲပြောပြော နောက်တစ်ပတ်လောက်ကြာသော အခါတွင် နာနာရီရီ နာရီပြုပြင်ရေးမှ နာရီရပြီဖြစ်ကြောင်း ဖုန်းဆက်၏။ နာရီမှာ သတင်းစာထဲကအတိုင်း မဖြစ်သော် လည်း အိမ်ရှေ့၌ ခဲပေါက်သံများ၊ ဆိုက်ကားဘဲလ်သံများ၊ ကားသံများတော့ အစုံပါလေသည်။

စစ်စစ်က တခစ်ခစ်နှင့်ရယ်ရင်း နာရီကို သဘောကျ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့နှစ်ဦးမှာ စိတ်ကောက်လိုက် ပြန်ချစ်လိုက်ဖြစ်ခဲ့ကြသည်။ သို့သော်···

တစ်နေ့မှာပေါ့···

■



တစ်ယောက်တည်း
အိပ်မရလို့
နင့်အကြောင်းကိုတွေး
အတွေးမှာ
နင့်အမေပါလို့
ခေါင်းနဲ့မိသေး

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

အဲဒီတစ်နေ့ကတော့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ ရုပ်ရှင်တွေထဲကအတိုင်း သူတို့နှစ်ဦးအကြောင်းကို စစ်စစ်မိဘတွေက သိသွားခြင်းဖြစ်သည်။

သို့နှင့် ရိုးရာကို စစ်စစ်မိဘများက ခေါ်တွေ့၏။

အဓိကကတော့ သူ့အဖေရုံးသွားနေ၍ သူ့အမေက ခေါ်တွေ့ခြင်း ဖြစ်သည်။

'သားနာမည်က ရိုးရာနော်'

'ဟုတ်ကဲ့ပါ'

အပိုးနည်းနည်းကျိုးတဲ့ပုံစံ နေရမည်ဟု ရိုးရာစိတ်ထဲ တွေးနေမိသည်။

'မိဘတွေကရော ဘာလုပ်လဲကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



'.... .... လုပ်ပါတယ်'

မျက်နှာနည်းနည်းမဲ့သွားတာကို တွေ့ရသည်။

မတတ်နိုင်။ ကိုယ့်အဖေ အမေက အခြားအရာမှ မလုပ်တာ။

သမားရိုးကျမေးခွန်းတွေကြားထဲမှာ ရိုးရာ အိုက်စပ်စပ် ဖြစ်လာသည်။

ထို့ကြောင့်...

'အန်တီ'

ဟု ခေါ်လိုက်ရာ မေးခွန်းမေးရန်ပြင်နေသော စစ်စစ် အမေကြီးမှာ အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ရိုးရာကို ပြန်မေး၏။

'ဟင်... ဘာလဲ'

'ဒီဘက်နည်းနည်းတိုးပေးလို့ရမလား'

'ဟင်... ဘယ်လို'

ဧည့်ခန်းထဲမှာလည်း ရိုးရာနှင့် စစ်စစ်အမေကြီး နှစ်ယောက်သာ ရှိသည်။ သူ ထပ်မရှင်းပြရင် အခြားလူလည်း ရှင်းပြမည့်သူ မရှိချေ။ စစ်စစ်ကလည်း အခန်းထဲက နားထောင်နေပုံရသည်။

'ဟို အိုက်လို့ အန်တီ၊ အဲကွန်းလေးက အန်တီနဲ့ကွယ်နေလို့၊ အဲဒါ...'



ထိုအခါမှ သဘောပေါက်သွားပုံရပြီး မရွှေ့ချင်ရွှေ့ချင်နဲ့ ရွှေ့ပေးသည်။

'ဒီမယ် အန်တီ ခပ်ပြတ်ပြတ်ပဲ ပြောမယ်'

သူကလည်း တုံးတိပြန်ပြောဖို့ ပြင်ဆင်ထားလိုက်သည်။

'ဟုတ်'

'အန်တီတို့က စစ်စစ်နဲ့လက်ထပ်ဖို့ သဘောတူထားတဲ့သူ ရှိတယ်'

မြန်မာဗီဒီယိုကားတွေထဲက အကာယ်ဒမီ ခင်မို့မို့အေးအိုင်တင်နဲ့တူတယ်ဟု တွေးမိလိုက်သည်။

သူကလည်း 'သားတို့ချစ်ခြင်းကို မခွဲပါနဲ့ အန်တီရယ်' ဟုဆိုပြီး နေတိုးအထာနဲ့ ပြန်ပြောလို့ကလည်း မဖြစ်ပြန်။

ဒါနဲ့ ငြိမ်နေလိုက်ရသည်။ အဘွားကြီးကပဲ ဆက်ပြော၏။

'သူက ချမ်းသာတယ်၊ ပြီးတော့ ငါ့သမီးကိုလည်း ခမ်းခမ်းနားနား လက်ထပ်မယ်လို့ ပြောထားတယ်'

'ခမ်းခမ်းနားနားလား'

သူ့စကားကို တစ်ဖက်က ရွှံ့သည်ဟုထင်သွားနိုင်သော်လည်း အတည်မေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခမ်းအနား'လား၊ 'ခမ်းခမ်းနားနား'လား ပီပီသသ သိအောင် မေးရခြင်း ဖြစ်သည်။

'အခမ်းအနား'ဆိုလို့ကတော့ သူလည်း 'အခမ်းအနား' နှင့် လက်ထပ်ပေးနိုင်သည်။

သို့သော်…

'ခမ်းခမ်းနားနားလို့ ပြောတာ'

ဟုဆို၍ ငြိမ်နေလိုက်ရသည်။

'ပြီးတော့ အန်တီတို့အမျိုးတွေဟာ အစဉ်အဆက် ရှိခဲ့ဖူးတယ်'

'ဟုတ်'

ခေါင်းကလေးငုံ့ပြီး စကားပဲ ထောက်ပေးလိုက်သည်။

'မင်္ဂလာဆောင်ကို အကြီးအကျယ် ဆောင်လေ့ရှိတယ်၊ အကြီးအကျယ်မှ တကယ့်အကြီးအကျယ်နော်'

သူ ခေါင်းညိတ်ပြလိုက်ရသည်။

ထိုအလုပ်တစ်ခုသာ အခုအချိန်တွင် သူ တတ်နိုင်သည်။ ထပ်မံခေါင်းညတ်ပြလိုက်သေး၏။

'ဒီတော့ အန်တီ တစ်ခုပြောလိုက်မယ်'

'ဟုတ်ကဲ့'

'အခု အန်တီတို့သဘောတူထားတဲ့ ကောင်လေးက အန်တီတို့သမီးကို ဒီလိုကြီးကျယ်ခမ်းနားအောင် လက်ထပ်ပါမယ်ဆိုပြီး အဆိုပြုထားတာ ရှိတယ်'



ဟု ဆိုပြီး စာရွက်လေးတစ်ရွက် ထုတ်ပေး၏။

ပြီး ဆက်ပြောပြန်၏။

'သူ့ထက်သာအောင် မင်း လက်ထပ်နိုင်ရင် အန်တို့သမီးကို မင်းနဲ့ပေးစားမယ်'

သူ့ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားသည်။

ငုံ့ထားသောခေါင်းကိုလည်း မော့လိုက်၏။ အဘွားကြီး၏ စိန်ခေါ်တဲ့မျက်ဝန်းများကို တွေ့ရသည်။

'ဒါပေမဲ့ အဲဒီ လက်ထပ်တဲ့ငွေတွေဟာ မင်းမိဘအပိုင်သို့ မင်းပိုင်ဆိုင်တဲ့ငွေတွေ ဖြစ်ရမယ်၊ အကြွေးတွေနဲ့ မဖြစ်ရဘူး'

သူ ဘာမှပြန်မပြောနိုင်။

'ပြီးတော့ ငါက မင်းကို စိန်ခေါ်တဲ့အတွက် မင်းကို ယုံကြည်မှုတစ်ခုတော့ ပေးထားလိုက်မယ်၊ ငါ့သမီးကို ငါတို့က မချုပ်ချယ်ဘူး၊ ပုံမှန်အတိုင်းပဲ နေထိုင်ခွင့်ပြုမယ်၊ မင်း ငါ့သမီးကို ခိုးပြေးချင် ခိုးပြေးလိမ့်မယ်၊ အေး… ဒါပေမဲ့ ငါ ဝမ်းမနည်းဘူး၊ မင်းဂုဏ်သိက္ခာပဲလို့ ဆုံးဖြတ်ပြီး ငါ့သမီးကို အမွေပြတ်စွန့်လွှတ်လိုက်မယ်'

ပြတ်သားသောစကားတွေကြောင့် ရိုးရာမှာ ရုတ်တရက် မှင်သက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လက်ထဲကကိုင်ထားသော စာရွက်ကို ကြည့်မိလိုက်သည်။ သူနှင့် သူ့မိဘတို့ မည်သို့မျှမတတ်နိုင်သည့် မင်္ဂလာဆောင်အခမ်းအနား ဖြစ်နေသည်။

'ကဲ... ဘယ်လိုလဲ'

စာရွက်ကို ခေါက်လိုက်သည်။

ထို့နောက် အဘွားကြီးကို ရဲဝံ့စွာကြည့်လိုက်ပြီး...

'ဘယ်တော့အတွင်း သူတို့က လက်ထပ်ချင်တာလဲ'

'ခြောက်လအတွင်း'

'ကောင်းပြီလေ... ဒီခြောက်လအတွင်း ကျွန်တော် စစ်စစ်ကို နိုးယူပေါင်းသင်းခြင်း မပြုဘူး၊ အဒေါ်ကလည်း ဒီထက်သာအောင် ကျွန်တော် လက်ထပ်နိုင်ရင် ကျွန်တော့်ကို စစ်စစ်နဲ့ သဘောတူရမယ်'

'ကောင်းပါပြီ မောင်ရိုးရာ'

■



## (၁၆)

'ငါ အမွေကို မမက်ပါဘူး ရိုးရာရယ်'

'အမွေကြောင့်ပြောတာ မဟုတ်ဘူးဟ၊ ငါ နင့်အမေကို ကတိပေးခဲ့ပြီးပြီ'

'နင် ဒီလို ခမ်းခမ်းနားနားလက်ထပ်နိုင်ဖို့ ဘယ်လိုလုပ်မလဲ'

စစ်စစ်က သူ့ကို နိုးပြေးဖို့ပဲ အတင်းပြောနေတော့သည်။

သူကလည်း အဘွားကြီးရဲ့ မျက်နှာကိုပဲ မြင်ယောင်နေမိသည်။

'ငါ စဉ်းစားကြည့်ပါဦးမယ်၊ နင်နဲ့ ငါ့ရဲ့ ဖူးစာကလည်း ရှိပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှီးရာရဲ့စကားကြောင့် စစ်စစ်ရင်ထဲမှာ ဆို့တက်သွားသည်။

ဖူးစာ။

သူတို့နှစ်ဦးမှာ ဖူးစာပါရင် တကယ်ရော လက်ထပ်ရမှာလား။

ဖူးစာဆိုတာ ဘယ်လိုမျိုးလဲ။ တွေ့လည်း မတွေ့ဖူး။ မယုံလည်း မယုံကြည်ရဲပါ။

'ငါ့သူငယ်ချင်းတစ်ယောက် ပြောပြတဲ့ ပုံပြင်တစ်ပုဒ်ကို နင် နားထောင်မလား'

'အင်း… ပြောလေ'

'တစ်ခါတုန်းက ဖူးဖူးနဲ့ စာစာဆိုပြီး အခြောက်နှစ်ယောက် ရှိတယ်တဲ့'

'သြော်… သူတို့နာမည်ကလည်း'

'အခြောက်ပါဆိုနေမှ'

'ဟုတ်ပါပြီ… ဆက်ပြောပါဦး'

'အခြောက်ဆိုတော့ဟာ သူတို့က ကောင်လေးတစ်ယောက်ကို ကြိုက်မိရောတဲ့'

'ဖူးဖူးနဲ့ စာစာ နှစ်ယောက်စလုံးက ကြိုက်တာလား'

'ဟုတ်တယ်၊ အဲဒီတော့ သူတို့က အပြိုင်ပိုးကြတာပေါ့'



'ကောင်လေးကရော'

'ကောင်လေးကတော့ သူတို့အခြောက်နှစ်ယောက်လုံးကို ခင်ပါတယ်၊ ပြီးတော့ သူကလည်း ဟိုဟာဝယ်ပေး ဒီဟာဝယ်ပေးဆိုတော့ ညာစားလို့ရအောင် ဖူးဖူး၊ စာစာနဲ့ ပါးစပ်က မချတော့ဘူးတဲ့'

'အံမယ်… သူက တယ်ဟုတ်ပါလား'

'အဲဒီလိုနဲ့ ကြာလာတော့ ကောင်လေးက ဟိုလူကို ချစ်သလို ဒီလူကို ချစ်သလိုလိုနဲ့ လုပ်နေတာပေါ့'

'အင်း…'

'ဒါနဲ့ တစ်နေ့ ဖူးဖူးနဲ့ စာစာက အဲဒီလို လိပ်ခဲတည်းလဲဖြစ်နေတာကို မကျေနပ်တော့ ဖူးဖူးက စာစာကိုပြောတယ်'

'ဘာပြောလဲ'

'စာစာရေတဲ့'

'အဲ… တူတယ်'

'တူအောင်ပြောရတာပဲ'

စစ်စစ်က တခိခိရယ်လိုက်ပြီး…

'ထားပါတော့၊ ဆက်ပြောပါဦး'

'အဲဒီတော့ သူတို့နှစ်ယောက်က ကောင်လေးကို ခေါ်ပြီး ဖူးဖူးနဲ့ စာစာထဲက ဘယ်သူ့ကိုချစ်သလဲလို့ ဖြောင့်ဖြောင့်မေးလိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပွဲက ကြမ်းပြီ'

'ကောင်လေးကလည်း တစ်ယောက်ကိုပဲ ချစ်ပါတယ်လို့ ပြောလိုက်ရင် ငါတော့ မလွယ်ဘူးဆိုပြီး တွေးမိပုံရတယ်၊ ဒီတော့ဆိုပြီး'

'အင်း… ဘာပြောလဲ'

'အခုအချိန်မှာ ဒါတွေ မစဉ်းစားချင်သေးဘူး၊ အခုအချိန်မှာ စိတ်ထဲရှိတာကို ပြောရရင် သားက ဖူးစာကို ယုံတယ်တဲ့'

'ဟား… ဟား… ငါက အဟုတ်အောက်မေ့လို့ နားထောင်နေတာ'

'ဘာပဲပြောပြောဟာ အဲဒီအထဲက ကောင်လေးလိုပဲ ငါလည်း ဖူးစာကို ယုံတယ်'

ရှီးရာ၏ စကားကြောင့် စစ်စစ်မှာ ရယ်နေရာမှ ရပ်တန့်သွားသည်။

ရှီးရာကိုကြည့်လိုက်ပြီး ခဏအကြာတွင် တင်းကျပ်စွာ ဖက်လိုက်မိလေ၏။

■



(၁၇)

တကယ်တော့ သူ့လိုလူတစ်ယောက်အနေနဲ့ မိန်းကလေးတစ်ယောက်ကို ခြောက်လအတွင်း ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ပြီးတော့ သူ့မိဘတွေကလည်း ချမ်းသာတဲ့သူတွေ မဟုတ်။

သူတို့မှာ မဆင်းရဲသော်လည်း မချမ်းသာတဲ့သူများဖြစ်သည်။ ပုံမှန်လူလတ်တန်းစားများဖြစ်သည်။

ပြီးတော့ စစ်စစ်ကိုလည်း အရမ်းချစ်သည်။ သူ့အမေပြောတဲ့ လက်ထပ်မှုမျိုးနဲ့လည်း လက်ထပ်ချင်သည်။

ခိုးယူပေါင်းသင်းခြင်းဖြင့်လည်း သူ့ကောင်မလေး၏ဘဝတစ်ဆစ်ချိုး မပြောင်းလဲစေချင်။

www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်နိုင်လို့ နိုးပြေးရတယ်ဆိုတဲ့ အပြောမျိုးလည်း အပြောမခံချင်ပေ။ ရိုးရာမှာ တွေးရင်း တွေးရင်း စိတ်ရှုပ်လာခဲ့သည်။

ဒါနဲ့ စိတ်ညစ်ရင် လုပ်လေ့ရှိသည့် အင်တာနက်ဆိုင်မှာ ဂိမ်းဆော့ရင် ဆော့၊ မဆော့ရင် Website မှာ သတင်းနဲ့ စာတွေကိုဖတ်၊ ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ စကားပြောဒါတွေပဲ လုပ်ဖြစ်သည်။

အများဆုံးကတော့ သူငယ်ချင်းတွေနဲ့ စကားပြောရင်းတွေ့ရာ Website များကို ရှာကြည့်နေခြင်းဖြစ်သည်။

■



(၁၈)

အင်တာနက်ပေါ်ကနေ သူငယ်ချင်းများနှင့် ပေါက်တရထိုင်ပြော (ချက်)နေခြင်းက လန်းဆန်းမှုခဏတာ ဖြစ်စေသည်။

ရိုးရာ ။ ။ 'ဟာ… ဟော့ကောင်၊ မင်း စက်ဘီးပွဲမှာ ကြီးပွားနေတယ်ဆို'

မောင်မြင့်။ ။ 'အာ… ဒီလောက်လည်း မဟုတ်သေးပါဘူးကွ'

ရိုးရာ ။ ။ 'အံမယ်… မင်းက လျှိုထားပြန်ပြီ'

မောင်မြင့်။ ။ 'တကယ်… ငါ့မှာ အလုပ်ကြိုးစားနေရတာနဲ့တင် ဖင်တောင် မကုတ်အားဘူး'

ရိုးရာ ။ ။ 'ဒါဆို စက်ဘီးပွဲမှာ ငါ့ကို မင်းဖင်ကုတ်တဲ့ အလုပ် ခန့်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်။ ။ 'အာ…'

ယယ်သူငယ်ချင်းများဖြစ်နေ၍ မဟုတ်ကဟုတ်ကများကို ထိုင်ပြောနေလိုက်သည်။

အွန်လိုင်းပေါ်မှာ တစ်ယောက်မှမရှိသောနေ့တွေဆိုရင် သူ့မှာ အားနေတတ်သည်။

ထို့ကြောင့် စိတ်ဝင်စားစရာ အကြောင်းအရာများကို ရှာရင်း အချိန်ကုန်နေလိုက်သည်။

■



(၁၉)

ဒီနေ့ သူ Mail ကို ဖွင့်လိုက်သောအခါတွင် သူ့သူငယ်ချင်းများကို မတွေ့ရချေ။

ပျင်းရမယ့်နေ့ပဲဟု တွေးလိုက်မိပြီး ပို့ထားသော E-mail အချို့ကို ဝင်ဖတ်နေလိုက်သည်။

သိပ်ထူးထူးခြားခြား မရှိပါ။ Forward mail အချို့နှင့် သူငယ်ချင်းများ၏ ပို့စာများသာ တွေ့ရသည်။

ပျင်းပျင်းနဲ့ သူလည်း Forward မေးလ်အချို့ကို ဖွင့်ကြည့်လိုက်သည်။ တစ်ခါတစ်ခါ Forward မေးလ်များသည် ပျော်စရာလည်း ကောင်းသည်။ မှတ်သားစရာလည်း ကောင်းသည်ဟု ထင်မိသည်။

Forward Mail တစ်ခုကို ဖွင့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို သဘောကျသွားသည်။

'အပြုံး'

ဟု အမည်ပေးထား၏။

အခုအချိန်မှာ သူလည်း စိတ်ညစ်နေသောကြောင့် ဖတ်ကြည့်လိုက်မိ၏။

လူတော်တော်များများ အပြုံးမဲ့လာကြပြီဖြစ်သည်။ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေနှင့်အတူ ကမ္ဘာကြီးဟာ အပြုံးမဲ့တဲ့ကမ္ဘာ ဖြစ်လာသည်။

အမြဲတမ်းစိတ်ညစ်လို့ မှိုင်နေရတဲ့သူတွေ၊ မအောင်မြင်တဲ့သူတွေ၊ လိုတာမရလို့ အခက်အခဲဖြစ်နေတဲ့သူတွေ၊ စစ်ဖြစ်နေလို့ အစာရေစာရှားပါးနေတဲ့သူတွေ စသည့်လူများ များလာလေလေ အပြုံးဟာ နေရာမဲ့လာလေလေပါပဲ။

အပြုံးဟာ ကမ္ဘာလောကကြီးထဲက ထာဝရပျောက်ကွယ်ဖို့ တာစူနေပြီလား။ ဒါက လူတိုင်း သိချင်နေကြတဲ့ မေးခွန်းတစ်ခုဖြစ်သည်။ ထို့ပြင် လူတိုင်း မဖြေနိုင်တဲ့ မေးခွန်းတစ်ခုလည်းဖြစ်သည်။

ထားလိုက်ပါ။

သင်ရော အခုတစ်လော ဘယ်နှကြိမ် ပြုံးပြီးပြီလဲ။ ဤသို့ဖြင့် လူတို့သည် ကမ္ဘာလောကကြီးထဲက အပြုံး မပျောက်ကွယ်သွားအောင် ကြိုးပမ်းကြ၏။ တချို့က တစ်နေ့ ငါးခါလောက်ပြုံးဟု ဆိုကြ၏။ သို့သော် ပြောတဲ့သူကိုယ်တိုင်ပင် ပြုံးဖို့မေ့နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို တချို့က ဟာသကားများများကြည့်ဟု ဆိုကြသည်။ သို့သော် မရယ်ရ၍ ပိုစိတ်ညစ်သူ များလာလေသည်။

နောက်ဆုံးတွင် ကမ္ဘာ၌ သတင်းတစ်ခု ကြားရလေ၏။

"အပြုံးလုပ်တဲ့ စက်ရုံဖွင့်ပွဲ"အကြောင်းပင် ဖြစ်သည်။

သင်သည် မပြုံးတတ်ဘူးလား။
ရပါတယ်။
ကျွန်ုပ်တို့က သင့်ကို ဈေးပေါပေါနှင့် ပြုံးတတ်အောင် လုပ်ပေးပါမည်။
စသည်ဖြင့် အဖွင့်ကြော်ငြာထားပြီး သူတို့၏ အပြုံးလုပ်စက်ရုံရဲ့ အဆင့်ဆင့်လုပ်ဆောင်ပုံများကိုလည်း ပုံနှင့်တကွ နမူနာပြထားသေးသည်။
သင်လည်း ထိုကြော်ငြာလေးကြည့်ပြီး ထိုစက်ရုံကို သွားချင်ရင် သွားပေါ့။ ထာဝရပြုံးနိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

ဘာပဲပြောပြော ထိုမေးလ်ကိုဖတ်ပြီး သူတောင် ပြုံးလိုက်မိသေးသည်။ ပေါက်ပေါက်ရှာရှာလုပ်ထားတာပဲဟုလည်း တွေးမိလိုက်သေးသည်။

ဒီလိုနဲ့ အင်တာနက်မှာ အချိန်တော်တော်ကြာသွားသည်။

အီးမေးလ်လည်း စစ်လို့ပြီးသွားပြီ။ သူငယ်ချင်းတွေနဲ့လည်း စကားပြောလို့ပြီးသွားပြီ။

ထို့ကြောင့် ပျင်းလာတာနဲ့ mail ကိုပိတ်ပြီး ပြန်ရန်အတွက် ပြင်လိုက်သည်။

ဤတွင်...

အီးမေးလ်၏ ထောင့်နားလေးက ကြော်ငြာလေးတစ်ခုကို ရုတ်တရက် ဖတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

need money for my wedding

## I have 14 days till my wedding day and no money for anything how do

[illegible] will cover the cost of everything [illegible] ... [illegible] get married with [illegible] ... [illegible] for our wedding

answers.yahoo.com/question/index?qid=[illegible]

## Join Free Now And Get $10

[illegible] ... Each Person You Refer, They Get $10

[illegible]

## How To Make Free Money

Learn How to Make Free Money Online [illegible] Make Free Money Now

[illegible].com

## Coins

Find coin values right here [illegible]

[illegible]

## win my dream wedding

[illegible] ... for our wedding

www.[illegible]-my-dream-weddin...

## Save money for my wedding

I am looking for [illegible] on how to save money for my wedding ... People have suggested "Save money for my wedding" ... save enough money for my wedding [illegible] people ...

www.[illegible]/save-money-for-my-wed...

## cheap Wedding Invitations,Free Wording & Color Customization

[illegible] We offer Free Shipping, Free Response Card & Printed Envelope. Please enjoy our competitive price and quality service ... [illegible] wedding [illegible] high standard services ... we are able to catch up every step of the processing in our ...

www.[illegible].com/

## Saving Money for a Wedding

Welcome to Saving Money for a Wedding. This blog was created to help you find GREAT money-saving deals, learn about GREAT new products and details on how to plan the BEST wedding ever. Sit back and relax, I am glad to have you here.

savingmoneyforawedding.blogspot.com/

Sponsored Results

**Money Saving Searches**

Win a Free Wedding
Free Money for [illegible]
Free Wedding Planner
To Find Free College Money

**Related Searches**

Bad Credit Need Money
Teen Wedding Money
I Need Money Now What Can I Do
Help I Need Money for [illegible]
Where Can I Make Money for My Poems?
I Need Lots of Money Now
I Need Money Fast
I Need Money Today
Wedding Loans Grants
High Risk Personal Loans
Millionaires Who Give Away Money
Wedding Sweepstakes

**Ask Q&A**

3,778 questions about need money for my wedding

www.burmeseclassic.com

www.burmeseclassic.com



## Very Difficult to marry?


လက်ထပ်ဖို့အတွက် သိပ်ခက်နေလားဟု ရေးထားသည်။ Wedding (လက်ထပ်ပွဲဝတ်စုံ၊ အခမ်းအနား) စသည်တို့ကို ဖန်ဆောင်မှုပေးသည့်ကုမ္ပဏီတစ်ခု၏ ကြော်ငြာဖြစ်သည်။

ထိုစဉ် သူခေါင်း၌ အတွေးတစ်ခုမှာ လက်ခနဲဖြစ်သွားသည်။

သူ့အတွေးမှာ မသေချာသော်လည်း အရှုံးမရှိဟု တွေးမိလိုက်ပြီး သူသုံးနေကျ search engine တစ်ခုဖြစ်သည့် www.ask.com ကို ဖွင့်ကာ စာလုံးတချို့ ရိုက်ထည့်လိုက်သည်။

need money for my wedding (ကျွန်တော့်မင်္ဂလာပွဲအတွက်ငွေလိုတယ်)ဟု အဓိပ္ပါယ်ရသည့်စာသား ဖြစ်သည်။

■




www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စာမျက်နှာအညွှန်းများ ကျလာသည်။

သူ့လက်များသည် mouse ပေါ်၌ သွက်နေသည်။

ကျလာသော Webpages များကိုလည်း အငမ်းမရ ကြည့်နေမိသည်။

တစ်ခုချင်းလည်း ဖတ်ကြည့်နေမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





(၂၁)

ကြည့်ရင်း ကြည့်ရင်းနှင့်ပင် တချို့ Website များမှာ ငွေချေးငှားသည့် Website များဖြစ်နေပြီး တချို့မှာလည်း ကံစမ်း မဲပေးသည့်သဘော ပါသည့်ကြော်ငြာများဖြစ်နေသည်ကို တွေ့ ရသည်။

သို့သော် ကိုယ့်နိုင်ငံက မဟုတ်၍ သေချာဆက်မဖတ် တော့ဘဲ ရပ်လိုက်သည်။ Website တစ်ခုမှာတော့ လူတချို့က လက်ထပ်ဖို့အတွက် အခက်အခဲများကို ရေးသားထားသည်မှာ စိတ်ဝင်စားဖို့ကောင်းသည်။ ပြီးတော့ ဖတ်ကြည့်မိသူထဲမှာ သင့်တော်တဲ့အကြံဉာဏ်ရှိပါကလည်း ပေးခဲ့ပါရန် ဖိတ်ခေါ် ထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိးရာမှာ ဖတ်ရင်းဖတ်ရင်းနဲ့ပင် အတော်စိတ်ဝင်စားသွားသည်။

တချို့က သူနှင့် အခက်အခဲအတူတူပင်ဖြစ်သည်။

ထို Websie ထဲက တစ်ခု၊ နှစ်ခုကို ပြောရမယ်ဆိုရင်...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


'ဟူး...'

စာများကို ဖတ်နေရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

ချစ်သူတိုင်းသည် သူတို့ချစ်သူများကို ခမ်းခမ်းနားနား လက်ထပ်ပေးချင်ကြတာကို တွေ့ရသည်။

ရင်ထဲမှာလည်း ကြည်နူးသလိုလို ခံစားလာရသည်။

ဘာပဲပြောပြော ဆက်ဖတ်မည်ဟု ကွန်ပျူတာမျက်နှာပြင်ကို ကြည့်လိုက်ချိန်တွင်...

'ဟင်...'

စိတ်ဝင်စားစရာကောင်းသော စာတန်းတစ်ခုကို တွေ့လိုက်ရသည်။ စုံတွဲတစ်ဦး ရေးထားသည့်စာအောက်တွင် အခြားတစ်ယောက်က ရေးထားသော မှတ်ချက်လေးတစ်ခု ဖြစ်သည်။

**လက်ထပ်ချင်ပေမဲ့ လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးတဲ့စုံတွဲများအတွက် အောက်ပါWebsiteလေးကို ဝင်ကြည့်သင့်ပါသည်။**

■

တွေးမရလို့ငေး
ငေးမရလို့မှိုင်
မှိုင်မရလို့
ပြန်မယ်လုပ်တုန်း
နင်ရောက်လာလို့
ဝမ်းသာရတဲ့
ငါ့ဘဝပါ

www.burmeseclassic.com

www.burmeseclassic.com


# (၂၂)

ဘူတာရုံထဲရှိအသံချဲ့စက်မှထွက်လာသောအသံကြောင့် ရှိးရာရဲ့ အတွေးများ ပြတ်တောက်သွားသည်။

စစ်စစ်ကတော့ မုန့်စားနေရင်းမှ ဟိုအတွဲကို ကြည့်လိုက် ဒီအတွဲကိုကြည့်လိုက်နှင့် လိုက်ကြည့်နေသည်။

'ခုနက ဘာအော်လိုက်တာလဲ'

စစ်စစ်ကလည်း အခုမှ အူလည်လည်နှင့် ပြန်ကြည့်ပြီး 'သူလည်း မကြားလိုက်ဘူး'ဟု ပြောသည်။

ထိုစဉ် အသံချဲ့စက်မှ ထိုစကားကိုပဲ နောက်ထပ် ထပ်ပြောလေသည်။

'မကြာမီမှာ ရထားဆိုက်ရောက်လာတော့မှာ ဖြစ်ပါသောကြောင့် မိမိတို့လက်ဝယ်ရှိ စာရွက်နှင့်အတူ ရထားလက်မှတ်အား လာရောက်လဲလှယ်ကြပါ ခင်ဗျား'

www.burmeseclassic.com

www.burmeseclassic.com


ရှီးရာက အိတ်ကပ်ထဲမှစာရွက်ကို စမ်းလိုက်ရင်း ထလိုက်သည်။

'စစ်စစ် ဒီမှာ ခဏနေခဲ့ဦးနော်'

'အင်း... နေခဲ့မယ်လေ'

စစ်စစ်က မုန့်စားနေရင်းမှ ပြန်ဖြေသည်။

ထို့နောက် ရှီးရာက စာရွက်လေးကိုင်ပြီး လူများတန်းစီနေသောနေရာဆီသို့ လျှောက်သွားလိုက်သည်။

သူ့ထက်အရင်ရောက်နေသူများနောက်တွင် ဝင်တန်းစီလိုက်သည်။ ထိုစဉ် လူငယ်တစ်ယောက် လက်မှတ်ပေးနေသောကောင်တာဆီသို့ သွားလိုက်ပြီး...

'တစ်ခုမေးချင်လို့ပါ'

'ရပါတယ်၊ ဘာမေးမလို့လဲ'

'ကျွန်တော်...'

ဟုဆိုပြီး လူငယ်မှာ စကားထစ်နေသည်။ မေးသင့်မမေးသင့်လည်း ချိန်ဆနေပုံရသည်။

'ပြောပါ၊ ရပါတယ်'

'ကျွန်တော်ရော လက်မှတ်လဲလို့ရလား'

'ခင်ဗျားမှာ စာပါတယ်မဟုတ်လား'

'ပါတော့ ပါပါတယ်'

'အဲဒါဆို လဲလို့ရတာပေါ့၊ ဘာဖြစ်လို့လဲ'

'မဟုတ်ဘူး ခင်ဗျ၊'

ဟု ထိုလူငယ်က စကားစလိုက်ပြီး ဝမ်းနည်းပုံလည်း ပေါက်သွားသည်။

ထို့နောက် စကားကို ဆက်ပြော၏။

'ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူက စာရပြီး ဒီကိုလာဖို့ အားခဲထားကြပါတယ်။ သူကလည်း ဒီကို အရမ်းလာချင်ခဲ့ပါတယ်'

'အခု ခင်ဗျားကောင်မလေး မပါဘူးလား'

'မပါဘူးဗျ'

'ဟာ... ဘာဖြစ်လို့လဲ'

'ဒီကိုလာခါနီး တစ်ပတ်အလိုမှာ Accident တစ်ခုကြောင့် ဆုံးသွားတယ်'

'အို...'

တန်းစီနေသောသူများနှင့်အတူ လက်မှတ်လဲပေးနေသော သူများလည်း စိတ်မကောင်းဖြစ်သွားသည်။

'အဲဒါ ကျွန်တော်က လက်ထပ်မယ့်ကောင်မလေး မပါတော့ လက်မှတ်လဲလို့ရမလား မေးတာပါ၊ ကျွန်တော့်ကောင်မလေးကလည်း သူ မဆုံးခင်မှာ ဒီကအကြောင်းအရာတွေ စိတ်ဝင်စားတဲ့အတွက် သူမရှိလည်း သွားပါလို့ မှာသွားတယ်၊ ဒါကြောင့် ကျွန်တော် လာခဲ့ရတာပါ၊ အတွဲမပါတဲ့အတွက် လက်မှတ်လဲလို့ရမလား'

လက်မှတ်လဲပေးနေတဲ့ လူလည်း တွေဝေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူ့ဘေးမှာရှိသော စာအုပ်ကိုလည်း ဖွင့်ကြည့်လိုက်သည်။ အားလုံးမှာ ဇနီးလောင်းဆုံးသွားသောသူကိုလည်း ကရုဏာမျက်ဝန်းများနှင့် ကြည့်မိကြပြီး သူ လက်မှတ်လဲ၍ ရ၊ မရကိုလည်း သိချင်နေကြသည်။

လက်မှတ်လဲပေးတဲ့သူက ခေါင်းပြန်မော့လာသည်။

'ရတယ်ဗျ… ခင်ဗျားမှာ စာပါဖို့ပဲ၊ ဒါပေမဲ့ ခင်ဗျား ဇနီးလောင်း တကယ် ဆုံး၊ မဆုံးဆိုတာကို'

ဟု ပြောပြီး တိုးလိုးတန်းလန်း ရပ်သွားသည်။

အားနာသည့်အကြည့်နဲ့ ဖြစ်သည်။

ထိုလူငယ်ကလည်း ရိပ်မိသွားပြီး…

'ရပါတယ်၊ ကျွန်တော် အဲဒီအတွက် စာရွက်စာတမ်း ယူလာပါတယ်၊ သေမှုသေခင်းဆိုင်ရာ စာရွက်တွေပါ'

'ဪ… ဒါဆို ရပါပြီ၊ နောက်မှာ တန်းစီလိုက်ပါ'

ထိုလူငယ်က ခေါင်းကလေးငိုက်စိုက်ဖြင့် ရီးရာနောက်တွင် ဝင်တန်းစီသည်။

ရီးရာကလည်း သူ့ကို…

'နာမည်ဘာယ်လိုခေါ်သလဲဗျ'

ဟု နှုတ်ဆက်မေးလိုက်သည်။

သူက အေးအေးဆေးဆေး ပြန်ပြောသည်။

'မီးလုံးလို့ခေါ်ပါတယ်'





Don't start your marriage in debt.

သင့်ရဲ့အိမ်ထောင်ရေးကို အကြွေးနဲ့ မစတင်ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

'သူတို့ဟာက တကယ်ဟုတ်ပါ့မလား'

စစ်စစ်က မယုံသင်္ကာဖြင့် ပြန်မေးသည်။

ရိုးရာက...

'ဟုတ်မယ်လို့တော့ ငါလည်းထင်ပါတယ်၊ မဟုတ်တော့လည်း ငါတို့အတွက် အရှုံးမရှိပါဘူး'

'အင်း... အဲဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်'

ရိုးရာက စစ်စစ်ကို အင်တာနက်တွင် တင်ထားသော program လေးတစ်ခုအား ပြောပြနေခြင်းဖြစ်သည်။

ထို program သည် သူတို့နှစ်ယောက်၏ လက်ထပ်ခြင်းအတွက် သက်ဆိုင်နေသည်။

'အဲဒါဆို ဘယ်လိုလုပ်ကြမလဲ'

စစ်စစ်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှီးရာက ဆုံးဖြတ်ထားသည့်ပုံစံဖြင့် ပြန်ဖြေသည်။

'ငါတို့နှစ်ယောက် အဲဒီ program ကို လျှောက်သင့်တယ်ထင်တယ်'

'ငါတို့နိုင်ငံအတွက် သီးသန့် program လား'

'အာရှနိုင်ငံ ငါးနိုင်ငံမှာ လုပ်ပေးတာပါ၊ တစ်နိုင်ငံချင်းစီအတွက် သီးသန့်လေ'

'ဒါဆို ငါတို့နိုင်ငံအတွက် သီးသန့်ထားတဲ့ program ကို ငါတို့က ဝင်ပြိုင်ရမှာပေါ့'

'ဟုတ်တယ်'

ရှီးရာက တက်ကြွစွာဖြေသည်။

ရှီးရာ၏ အမူအရာကိုကြည့်ပြီး စစ်စစ်မှာလည်း တက်ကြွလာသည်။

'ဘာပဲပြောပြော ငါဟာ ငါတို့အတွက် အခွင့်အရေးတစ်ခုပဲပေါ့'

'အင်း...'

'နောက်ထားတာဆိုရင်ရော'

'ငါတို့ဖူးစာအတွက် ကံပဲပေါ့'

နှစ်ယောက်စလုံး ပြိုင်တူလိုလိုပင် သက်ပြင်းချမိကြသည်။

■



(၂၄)

ထို Program လေးကို လက်ထပ်ချင်သေမယ့် လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးတဲ့သူတွေအကြောင်း ရေးထားသည့် Website မှ Link တစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

ပထမတော့ သူလည်း မယုံကြည်ချေ။

နောက်ပိုင်း ဖတ်ကြည့်သောအကြောင်းအရာများသည် စမ်းသပ်ချင်စရာ ကောင်းလှသည်။

အကျိုးအကြောင်းများလည်း ဆီလျော်သည်။

လက်ထပ်ချင်သူတွေအတွက် သီးသန့်လုပ်ထားသည့် program တစ်ခုဖြစ်သည်။

အောင်မြင်ပါက အဆင်လည်း ပြေနိုင်သည်။

ထို Website ရှိ အကြောင်းအရာများ၊ လိုအပ်ချက်များ၊

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းများ၊ ယှဉ်ပြိုင်ရမည့် program များအကြောင်းကို အင်္ဂလိပ်လို ရေးသားထား၏။

ထို့ကြောင့် ရိုးရာသည့် print out ထုတ်ကာ စစ်စစ် အား တစ်ခုချင်းစီ ရှင်းပြလိုက်၏။

■



## လက်ထပ်ခြင်းပရိုဂရမ်

အောက်ပါပရိုဂရမ်လေးတွင် အောင်နိုင်ခြင်းဖြင့် သင် ကြီးကျယ်တဲ့ လက်ထပ်ပွဲကို ဆင်နွဲနိုင်ပါပြီ။

အောက်ပါခေါင်းစဉ်များကို တစ်ခုချင်းစီခွဲပြီး ဒီ Website အကြောင်းလေးကို ရှင်းပြပါမည်။

(1) Website ဖြစ်ပေါ်လာပုံ

(2) အစီအစဉ်

(3) အစီအစဉ်တွင် ပါဝင်လိုသည့် စုံတွဲအနေဖြင့် E-mail နှင့် စာရွက်စာတမ်းများ ပေးပို့ခြင်း

(4) ငွေကြေးပမာဏ

### ၁) Website ဖြစ်ပေါ်လာပုံ

ဤ Website နှင့် Program အားပြုလုပ်သူသည် ပွန်စွာချမ်းသာသော သူဌေးတစ်ဦးဖြစ်သည်။ မြောက်မြားစွာ သောလုပ်ငန်းများလည်း ရှိသည်။

သူသည် ငယ်စဉ်က အလွန်ဆင်းရဲသည်။ ညှို့ခန်းမ တစ်ခုတွင် တောက်တိုမယ်ရ အလုပ်များလုပ်ရင်း သူ့ဘဝ ခဲ့ရသည်ဟု ပြန်ပြောင်းပြောပြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် မင်္ဂလာပွဲများအတွက် စီစဉ်မှုများ၊ ခန်းမများ၊ ဝတ်စုံများ၊ လိုအပ်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ငွေကြေးချမ်းသာလာခဲ့သည်။

အခြားလုပ်ငန်းများစွာကိုလည်း တိုးချဲ့လုပ်ကိုင်ခဲ့သည်။

သူသည် အိမ်ထောင်ရေးကံမကောင်းသည့်သူတစ်ဦးဖြစ်သည်။ သူ မချမ်းသာခင် အသက် ၂၆ နှစ်အရွယ်တွင် သူချစ်သော ကောင်မလေးအား ငွေမရှိ၍ လက်မထပ်နိုင်ခဲ့ပေ။

ထို့ကြောင့် သူ့ချစ်သူ၏ မိဘများက ကြီးကြီးကျယ်ကျယ် လက်ထပ်နိုင်သော သူဌေးတစ်ဦးနှင့် ပေးစားလိုက်၏။

နောက်ပိုင်း ချမ်းသာလာသောအခါတွင် သူ့ကို လက်ထပ်ချင်သော အမျိုးသမီးများစွာ ရှိခဲ့သည်။

သို့သော် သူက လက်မထပ်ခဲ့ချေ။

တစ်နေ့တွင် သူသည် အကြံဉာဏ်တစ်ခု ရရှိခဲ့၏။

သူ၏ လက်ထပ်သည့် ဝန်ဆောင်မှုလုပ်ငန်း Website၌ လက်ထပ်ချင်သော်လည်း လက်မထပ်နိုင်သည့် စုံတွဲများအတွက် program လေးတစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့လေသည်။



(၂) <u>**အစီအစဉ်**</u>

- လျှောက်ထားသည့်စုံတွဲများသည် လိုအပ်သော စာရွက်စာတမ်းများအား Email ပို့ကာ လျှောက်ထားရမည် ဖြစ်ပါသည်။
- လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီး အတွဲ (၁၅)တွဲအား program အတွင်း ဝင်ရောက် ယှဉ်ပြိုင်ခွင့်အတွက် အသိအမှတ်ပြုစာရွက်ကို email ဖြင့် ပြန်လည်ပေးပို့မည် ဖြစ်ပါသည်။
- program လေးအား ခင်ပွန်းကောင်း၊ မယားကောင်းဖြစ်နိုင်၊ မဖြစ်နိုင် (သို့) ခင်ပွန်းက ဦးဆောင်နိုင်သူ၊ မယားက နောက်လိုက်ကောင်းဖြစ်နိုင်သူ စသည့် ဝင်ပြိုင်သူတို့၏ အရည်အသွေးပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။
- program ပြိုင်ပွဲအား ဘူတာရုံတစ်ခုသို့ ဆိုက်ရောက်လာသော ရထားတစ်စင်းပေါ်တွင် စတင်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) **အစီအစဉ်တွင် ပါဝင်လိုသည့် စုံတွဲအနေဖြင့် E-mail နှင့် စာရွက်စာတမ်းများ ပေးပို့ခြင်း**

(က) မည်သူဖြစ်ကြောင်း သက်သေခံကတ်ပြား (ဥပမာ- Passport)

(ခ) လက်ထပ်ဖို့အတွက် ဖြစ်ပေါ်နေသော အခက်အခဲ အကြောင်းအရာအား ရေးသားထားချက်

(ဂ) မည်သည့်ပုံစံမျိုးဖြင့် လက်ထပ်ချင်ပုံ

(ဃ) ရရှိလာသောငွေကြေး (သို့)အထောက်အပံ့အား လက်ထပ်ခြင်းတစ်ခုတည်းအတွက်သာ အသုံးပြုရမည်ဟု သဘောတူညီချက်

(င) မိမိနှင့်အတူ ပြိုင်ပွဲဝင်သော အတွဲနှင့်သာ လက်ထပ်မည်ဟူသော သဘောတူညီချက်

(စ) ရိုးမြေကျပေါင်းသင်းပါမည်ဟူသော သဘောတူညီချက်

တို့နှင့်အတူ ကိုယ်လုံးပေါ်ဓာတ်ပုံတစ်ပုံစီနှင့် ယှဉ်တွဲရိုက်ထားသောဓာတ်ပုံတစ်ပုံစီအား ပေးပို့ပါရန်



(၄) **ငွေကြေးပမာဏ**

- သင် လက်ထပ်ချင်သည့်အတိုင်း လက်ထပ်လို့ရမည့် ငွေကြေးအပြင် + လက်ဖွဲ့ငွေ
- ထို့ပြင် အနိုင်ရသူသည် ထိုငွေကြေးအား မည်သည့် အနှောင်အဖွဲ့စာချုပ်မှမရှိဘဲ ထုတ်ယူရရှိနိုင်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

'ငါတို့က ရထားပေါ်မှာ ဘာလို့ထိုင်ရမှာလဲ'

'အဲဒါတော့ မပါဘူးဟ၊ တစ်ခုခုတော့ ဖြစ်မှာပါ'


စစ်စစ်ကလည်း ရိုးရာယူလာသော Print Out စာရွက်လေးကို သေချာ ထပ်ဖတ်ကြည့်နေလေသည်။

သူလည်း Wedding Program လေးကို စိတ်ဝင်စားနေသည်။ ပေးထားသည့်အခွင့်အရေးကလည်း သူတို့အတွက် အခက်အခဲကို ပြေလည်စေသည့် ပမာဏ ဖြစ်သည်။

ယှဉ်ပြိုင်ခြင်းဖြင့် အရှုံးမရှိနိုင်ဟု တွေးလိုက်ပြီး…

'ဒါဆိုလည်း ငါတို့ ဝင်ပြိုင်ရအောင်လေ'ဟု ပြောလိုက်လေသည်။

ရိုးရာနှင့် စစ်စစ်တို့သည် Wedding Program လေးသို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားခဲ့ကြသည်။ တစ်ပတ်လောက်ကြာသောအခါတွင် ဝင်ပြိုင်ခွင့်အတွက် အကြောင်းကြားစာကို လက်ခံရရှိခဲ့သည်။


WEDDING PROGRAM

House No 386 (GF), Road.30, New D.O.H.S.
Tel 88-2-9661142, 9927969, Fax : 88-2-9661143 E-mail : info@weddingprogram.com

i would like to invite the following couple to take part in the wedding programme.

1. Yoeyar
2. Six Six

sincerely
William North
(Lovely Wedding)

APPROVED

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



(၂၆)

အဝေးကကြည့်လျှင် အုတ်အနီမိုးထားသည့် အဆောက်အဦအရှည်ကြီးတစ်ခုစီကို တစ်ဖက်တစ်ချက်တွင် တွေ့ရသည်။

အုတ်အနီမိုးထား၍ ရှေးဟောင်းအဆောက်အဦလည်း မဟုတ်ပြန်။

သပ်သပ်ရပ်ရပ်နှင့် ခေတ်မီစွာဆောက်လုပ်ထားသော နေရာလေးတစ်ခုသာ ဖြစ်သည်။

လူအများ နေထိုင်ကြသည့် အိမ်လား…။

ထိုသို့လည်း မဟုတ်ပြန်။

အမိုးတစ်ခုဖြစ်ပြီး ထိုအမိုးအောက်တွင် လူအများ သွားလာနေကြသည့် ဘူတာရုံကြီးတစ်ခုသာ ဖြစ်သည်။

■

www.burmeseclassic.com


www.burmeseclassic.com



## (၂၇)

ရှီးရာသည် စစ်စစ်ဘေးနားတွင် ဝင်ထိုင်လိုက်သည်။

စာနှင့်လဲလာသော လက်မှတ်ကို စစ်စစ်က လှမ်းယူကြည့်သည်။




ခုံနံပါတ်နှင့်အချိန်ကို ရေးထားသည်။ ထို့ပြင် Wedding Services ၏ကြော်ငြာကိုလည်း ရေးထိုးထားတာကို တွေ့ရသည်။



ဘူတာရုံရဲ့ထူးဆန်းတဲ့ သင်္ချာနာရီလေးကို ကြည့်[illegible]က်သည်။ ရထားသည် နောက်ထပ်နာရီဝက်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

'စစ်စစ်'

'ဟင်… ဘာလဲ'

'ရထားကဆိုက်ဖို့ နာရီဝက်လောက် လိုသေးတယ်'

'ဘူတာရုံထဲ လမ်းလျှောက်ကြည့်ရအောင်လား'

'အဲဒါ ကောင်းတယ်'

ဟုဆိုပြီး သူတို့နှစ်ယောက်မှာ ဘူတာရုံထဲသို့ လျှောက်ကြည့်သည်။

ပထမဦးဆုံး ခပ်လှမ်းလှမ်းနေရာတွင် အတွဲသုံးတွဲ ထိုင်စကားပြောနေတာကို တွေ့ရ၏။

မယောင်မလည်နှင့် နားထောင်ကြည့်တော့ ရထားပေါ်မှာ [illegible]ကြုံတွေ့ရမယ့်ကိစ္စကို ဆွေးနွေးနေတာ တွေ့ရသည်။

'ကျွန်တော် ထင်တာကတော့ ရထားပေါ်မှာ မေးခွန်းတွေများ မေးမလား မသိဘူးဗျ'

'ဒါလည်း ဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် မဲနှိုက်တာလည်း ဖြစ်နိုင်သေးတာပဲဗျ'

သူတို့လည်း ရထားပေါ်မှာ ဖြစ်ပျက်မည့်အကြောင်းအရာကို အထူးစိတ်ဝင်စားနေကြပြီး အခုမှတွေ့ကာ မိတ်ဆွေဖွဲ့မိကြပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ရောက်နေသော အတွဲများအားလုံးသည် ရထားပေါ်မှာ မည်သို့သော Program လုပ်ထားသည်ကို မည်သူမျှ မသိကြချေ။

အခုထိတော့ အားလုံး အဆင်ပြေနေသေးသည်။ ယုံကြည်နေကြသေးသည်။

ထိုသုံးတွဲကို ရိုးရာက 'အိပ်မက်အတွဲ' ဟု တိတ်တိတ်လေး နာမည်ပေးလိုက်သည်။

ဆက်လျှောက်လာခဲ့သည်။

အတွဲတစ်တွဲသည် စိတ်မကောင်းသည့် မျက်နှာပုံစံများဖြင့် ဘေးပတ်ဝန်းကျင်ကို ဂရုမမူဘဲ သူတို့နှစ်ဦးဘာသာ လွတ်လွတ်လပ်လပ် စကားပြောနေကြသည်။ နားမထောင်သော်လည်း စကားတို့က နားထဲဝင်လာ၏။

'နှင်း'

'ဟင်… ပြောလေ၊ ကိုနေ'

'နှင်းကို ကို ချစ်တယ် သိလား'

'အာ… လက်ပဲထပ်တော့မယ်၊ သိပါတယ်'

'ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်ပစေ၊ နှင်းကို ကိုယ် မခွဲဘူး၊ သိလား'

'အင်းပါ၊ အခုမှ ဘာဖြစ်ရပြန်တာလဲ'

'မဟုတ်ဘူး၊ ကိုနေကို နှင်းက ခွဲသွားတယ်ဆိုပြီး အိပ်မက်မက်နေလို့ '



'အို… ကိုနေရယ်'

ဟုဆိုပြီး နှင်းက ကိုနေပခုံးလေးကို မှီလိုက်သည်။

စစ်စစ်က မျက်လုံးလေးပင့်ပြ၍ သူလည်း ထိုအတွဲကို ကြည့်ပြီး ရယ်လိုက်မိသည်။ ကိုနေဆိုသည့်သူမှာ ကောင်မလေးထက် အသက်အနည်းငယ်ကြီးပြီး ပတ်ချွဲနပ်ချွဲ လုပ်တတ်ပုံရသည်။

အသက်ကြီးသူများက ပိုချွဲတတ်၏လို့ စိတ်ထဲက မှတ်ထားလိုက်ပြန်သည်။ ထို့ကြောင့် ထိုအတွဲကိုလည်း နငယ်အတွဲဟု အမည်ပေးလိုက်မိသည်။

ထို့နောက် မီးလုံးကို တွေ့ရ၏။

မီးလုံးကလည်း သူ့ကို မှတ်မိသည်။

'ဘယ်လဲဗျ'

'ဟိုကြည့် ဒီကြည့်ပါဗျာ'

ဟုပြောပြီး စစ်စစ်နှင့် မိတ်ဆက်ပေးလိုက်သည်။

ထို့နောက် နှုတ်ဆက်ပြီး ထွက်သွား၏။

'သူ့ကောင်မလေး မပါဘူးလား'

စစ်စစ်က မေးသောအခါတွင် ရိုးရာလည်း မီးလုံးအကြောင်းကို ရှင်းပြလိုက်သည်။

စစ်စစ်မှာ စိတ်မကောင်းဖြစ်သွားပြီး စကားပင် ပြန်မပြောနိုင်ဘဲ နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မှန့်ရောင်းသော ကိုဂျာရစ်ကြီးကို တွေ့ရပြန်သည်။ ကိုဂျာရစ်မှာ သူ့မုန့်ပစ္စည်းများ ထုပ်ပိုးနေသည်ကို တွေ့ရသည်။

'မုန့်တွေ ကုန်သွားလို့ ပြန်တော့မှာလား'

'မဟုတ်ပါဘူးဗျာ၊ ရထားက လာတော့မှာလေ၊ ဒီတော့ ပြန်ရတော့မှာပေါ့'

'သြော်… ရထားပေါ်မှာလည်း ရောင်းလို့မရဘူးလား'

'ရထားပေါ်မှာတော့ ရောင်းခွင့်မပေးထားဘူးဗျ'

'သြော်…'

ထိုအချိန်တွင် ဘူတာရုံထဲရှိ အတွဲများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထို့ပြင် ရထားတစ်စင်း၏ ဥဩဆွဲသံကိုလည်း ကြားလိုက်ရသည်။

ရှီးရာသည် စစ်စစ်လက်ကို ဆုပ်ကိုင်လိုက်၏။

အားလုံးသောအတွဲများမှာလည်း သူတို့ကောင်မလေးများ၏လက်ကို ကိုင်လိုက်ကြပြီး ရထားအသံကြားရာဘက်သို့ ကြည့်လိုက်ကြသည်။

ခဏကြာသောအခါ ရထားတစ်စီး ခုတ်မောင်းလာသည်ကို တွေ့လိုက်ကြရသည်။

■



www.burmeseclassic.com



## (၂၈)

အတွဲများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

တချို့မှာ ရထားကိုမြင်လိုက်သောကြောင့် စိတ်လှုပ်ရှားသွားကြခြင်း ဖြစ်သည်။

ရထားသည် စကြံ့နှ်မှာ ဆိုက်လာ၏။

ရထားမှာ အတွဲလေးတွဲပါသော ရထား ဖြစ်သည်။ အနက်ရောင်ဖြစ်ပြီး အတွဲတစ်တွဲစီမှာ လွန်စွာကျယ်ဝန်းလှပုံရသည်။

သို့သော်လည်း အကျယ်အဝန်းကို မခန့်မှန်းတတ်ချေ။ မည်သို့ဆိုသော် ရထားပြတင်းပေါက်များအားလုံးသည် တံခါးပိတ်ထားသောကြောင့် ဖြစ်သည်။

စုံတွဲအားလုံးမှာ လက်မှတ်လေးကိုင်ပြီး တုံ့ဆိုင်းဆိုင်းနဲ့ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွဲကို တက်ရမည်မှန်းမသိသောကြောင့် ဖြစ်သည်။

ထို့နောက် လက်မှတ်ကိုကြည့်လိုက်၊ ရထားကိုကြည့်လိုက်နှင့် မည်သည့်အတွဲကို တက်ရမည်မှန်း အားလုံး သဘောပေါက်သွားကြသည်။

ရထား၏နောက်ဆုံးအတွဲကို တက်ရမည် ဖြစ်သည်။ မည်သို့ဆိုသော် ထိုအတွဲကို နာမည်ပေးထားသောကြောင့် ဖြစ်သည်။

**For Wedding person**

ရထား၏နောက်ဆုံးအတွဲကို စုံတွဲတစ်တွဲစီ တက်ကြ၏။

ရီးရာက သူ့လက်မှတ်ကို ကြည့်လိုက်သည်။

နံပါတ်မှာ ၂၅၊ ၂၆ ဖြစ်သည်။

ခပ်လှမ်းလှမ်းတွင် သူ့ခုံနံပါတ်ကို တွေ့ရ၏။

ထို့ကြောင့် စစ်စစ်ကိုလက်ဆွဲကာ ထိုင်ခုံဆီသို့ လှမ်းသွားလိုက်သည်။

စစ်စစ်က ပြတင်းပေါက်ဘေးတွင်ထိုင်၍ သူက စစ်စစ်ဘေးတွင် ထိုင်လိုက်သည်။





သူတို့မျက်နှာချင်းဆိုင်တွင် ခုံအလွတ်တစ်ခု ရှိနေသည်။ ထိုအချိန်တွင် ရထားပေါ်၌ ခုံနံပါတ်လိုက်ရှာသူများ၊ နံပါတ်တွေ့လို့ လှမ်းခေါ်သူများနှင့် ရှုပ်ယှက်ခတ်နေသည်။

ရထားတွဲသည် ကျယ်ဝန်း၏။ နှစ်ယောက်ခုံနှစ်ခုံစီကို မျက်နှာချင်းဆိုင် ထားပေးထားသည်။

အတွဲ(၁၅)တွဲအတွက် ကွက်တိပဲဖြစ်သည်။ ရီးရာနှင့် စစ်စစ်တို့ နောက်တွင် အကန့်လေးတစ်ခု ရှိသည်။ ရထား၏ စတိုခန်းဖြစ်ပုံ ရသည်။ ခဏကြာသောအခါတွင် ရထားပေါ်ရှိ အတွဲများမှာ သူ့ခုံနှင့်သူ နေသားကျသွားသည်။

သူတို့ရှေ့သို့ရောက်လာသော အတွဲမှာ ဘူတာရုံမှာတွေ့ခဲ့သော နငယ်အတွဲ ဖြစ်နေသည်။ သူတို့အတွဲကလည်း ရီးရာတို့အတွဲကို ပြုံးကြောင်ကြောင်နှင့် ကြည့်နေ၏။

ရီးရာနှင့်စစ်စစ်က ရယ်ပြလိုက်သည်။

နငယ်အတွဲကလည်း အပြုံးစအနည်းငယ်ဖြင့် ပြန်ပြုံးပြ၏။ ထိုအချိန်တွင် ရထားမှာ ဘူတာမှစထွက်နေပြီ ဖြစ်သည်။

သူက စစ်စစ်လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားလိုက်သည်။ ရှေ့ဆက် ဘာတွေဖြစ်ကြဦးမလဲဟုတွေးရင်း စစ်စစ်က ရီးရာပခုံးပေါ် မှီလိုက်သည်။

■

www.burmeseclassic.com



## (၂၉)

ရထားသည် အရှိန်ရနေပြီ ဖြစ်သည်။

ထိုအချိန်ထိ ရထားပေါ်ကအတွဲများသည် ဘာလုပ်လို့ လုပ်ရမှန်းမသိချေ။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သာ တိတ်တဆိတ်ကြည့်နေကြရသည်။ မည်သူတစ်ဦးတစ်ယောက်မှလည်း သူတို့အတွဲ(၁၅)တွဲကို ဘာကိစ္စမှ လာမပြောကြချေ။

ဤသို့ဖြင့် တစ်နာရီခန့် ကြာသွားသည်။

'ရေဆာလိုက်တာ'

ကောင်မလေးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။ ရထားမောင်းသံမှလွဲ၍ အားလုံး တိတ်ဆိတ်နေသောကြောင့် ကောင်မလေး၏အသံကို အားလုံးက ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။



ထိုကောင်မလေးအသံကို ကြားလိုက်ရမှ တခြားသူများကလည်း ရေဆာရကောင်းမှန်း သတိရသွားကြသည်။

သို့သော် အားလုံးမှာ ရေမပါကြချေ။

'ဟိုမှာ ရေဘူးရှိတယ်ဟ'

ကောင်လေးတစ်ယောက်က သူတို့ရထားအတွဲ၏ ထောင့်တွင် ရှိနေသော ရေသန့်ဘူးကြီးကို မြင်သွား၏။

ခုနက ရေဆာသော ကောင်မလေးက အလျှင်အမြန် ထသောက်သည်။ ထို့နောက် ကောင်မလေးသုံးလေးယောက်ကလည်း ရေဆာသည်ဆို၍ ထသောက်ပြန်သည်။

'ငါလည်း ရေဆာတယ်'

စစ်စစ်က ရိုးရာလက်ကို ဖြုတ်လိုက်သည်။

'ငါ ခပ်ပေးရမလား'

'ရပါတယ်၊ တခြားကောင်မလေးတွေလည်း ဒီလိုပဲ ထသောက်တာပဲ'

'အာ… ငါ ယူပေးပါ့မယ်၊ သူတို့နေရာက နီးတယ်၊ ငါတို့နေရာက ရေနဲ့ဝေးတယ်'

ဟုဆိုပြီး ရိုးရာက ရေသွားခပ်ပေးသည်။

ရထားပေါ်ကလူများက ရိုးရာကို ကြည့်နေကြသည်။

သူလည်း ရေခွက်ကို စစ်စစ်ဆီသို့ ကမ်းပေးလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

ခဏကြာသောအခါတွင် ပထမဆုံးရေသောက်သော ကောင်မလေးမှာ အန်လေသည်။

ထိုအတွဲများရှိသူများအားလုံး ထိတ်ထိတ်လန့်လန့် ဖြစ်သွားပြီး ထိုကောင်မလေးကို ဝိုင်းပြုစုကြလေသည်။

သိပ်မကြာသောအချိန်မှာပဲ နောက်ထပ် ရေထသောက်သော ကောင်မလေးနှစ်ယောက်၊ သုံးယောက်မှာလည်း ထပ် အန်လေသည်။

ထို့ပြင် အားလုံး၏ အကြည့်များသည် ရေသန့်ဘူးဆီသို့ ရောက်သွားကြလေသည်။

ရိုးရာက စစ်စစ်ကို ကြည့်လိုက်၏။

ဘာမှမဖြစ်သေး။



သို့သော် ခဏကြာသောအခါတွင် စစ်စစ်လည်း အန်လေသည်။

ရထားပေါ်ရှိ အတွဲများအားလုံးမှာ ဝရုန်းသုန်းကား ဖြစ်သွားပြီး ကြောက်ရွံ့သွားကြလေသည်။

ရိုးရာမှာ စစ်စစ်ကို ပြုစုပေးနေရသည်။

သူတို့ရှေ့ရှိ နယ်အတွဲကလည်း စစ်စစ်ကို ပြုစုပေးနေ၏။

သူ့ကောင်မလေးကို ပြောလိုက်သော ကိုနေ၏အသံကိုလည်း ကြားရသည်။

'တော်သေးတယ်၊ နင်းလည်း ရေမသောက်လိုက်လို့'

ထိုအချိန်တွင် ကောင်လေးတစ်ယောက်က ရထားတွဲထဲရှိလူများအားလုံးကြားအောင်…

'ငါတို့တွေ အဆိပ်မိခံရပြီ'

ဟု အော်ပြောလိုက်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

'ဟုတ်တယ်၊ ငါတို့ အလိမ်ခံရတာ ဖြစ်နိုင်တယ်'

'ငါလည်း အဲဒီလိုထင်တယ်'

စသည်ဖြင့် ထောက်ခံသံများလည်း ထွက်လာသည်။

ရှီးရာကတော့ စစ်စစ်ကို ပြုစုနေရ၍ သူတို့ကို ဂရုမစိုက်အားချေ။ အန်တဲ့သူများကလည်း အအန်ရပ်သွားလိုက် ပြန်အန်လိုက်နှင့် ဖြစ်နေသည်။

'ဒါ ငါတို့ကို လုပ်ကြံတာပဲ'

'ရေထဲမှာ အဆိပ်ခတ်ထားလား မသိဘူး'

စုံတွဲတော်တော်များများမှာ ထိတ်လန့်နေကြပြီ ဖြစ်သည်။

ရထားကလည်း မရပ်သေးချေ။

သူ့အရှိန်အတိုင်း ဆက်မောင်းနေသည်။

ထိုစဉ် သူတို့ထဲရှိ လူငယ်တစ်ယောက်က တစ်ဖက်အတွဲနှင့် ဆက်ထားသော တံခါးနေရာဆီသို့ လျှောက်သွားပြီး တဒုန်းဒုန်းထုလိုက်သည်။

တံခါးမှာ မှန်အနက်နှင့် ဖြစ်သည်။

တစ်ဖက်မှ ဘာမှအကြောင်းပြန်သံ မကြားရ။

ထိုလူငယ်လည်း စိတ်ပျက်ပျက်နှင့် ပြန်လာပြီး သူ့နေရာမှာ သူ ထိုင်နေလေတော့သည်။

အားလုံးမှာ အတွေးကိုယ်စီနှင့် ဖြစ်သွားသည်။

တစ်ယောက်ကိုတစ်ယောက်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိသည့် မျက်နှာများဖြင့် ကြည့်နေကြသည်။

ရထားကလည်း ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိမ်းလိုက်နှင့် မောင်းနေသည်။ ယခုအချိန်မှာ ရှီးရာ စိုးရိမ်တာ တစ်ခုပဲ ရှိသည်။

စစ်စစ် အန်တာ မရပ်သေးခြင်းပင်။

မျက်နှာလေးကလည်း ဖျော့တော့လာသည်။

'စစ်စစ်'

'ဟင်...'

'ဘယ်လိုနေသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မောလာတယ်'

သူ့ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

■



ထိုအချိန်တွင် ရထားက ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၃၂)

ရထားတွဲရှိ လူများအားလုံးသည် ဝမ်းသာအားရနှင့် အပြင်ကိုလှမ်းကြည့်ကြရာ ဘူတာရုံအဟောင်းလေးတစ်ခုကို မြင်ရသည်။

လူအရိပ်အယောင် မတွေ့ရချေ။

'တော်ပြီ၊ ဒီလို ဘာမှန်းမသိတဲ့ရထားနဲ့ ဆက်မလိုက်တော့ဘူး'

ဟုဆိုကာ သမီးရည်းစားစုံတွဲတစ်တွဲက ရထားပေါ်မှ ဆင်းသွားလေသည်။

ကျန်တဲ့စုံတွဲတော်တော်များများလည်း ဆင်းနေခဲ့ရန် ဆုံးဖြတ်ကြသည်။ တချို့က ရထားခေါင်းတွဲကိုသွားပြီး ဘသဘာ ညာညာ ဆူဆဲပြောဆိုရန်အတွက် ဆင်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ အတွဲတစ်တွဲက ပြဿနာပေါ်နေသေးသည်။

'ငါ မဆင်းချင်ဘူး'

ကောင်လေးက ရထားပေါ်က ဆင်းနေရစ်ရန်အတွက် ကောင်မလေးကို ခေါ်နေခြင်းဖြစ်သည်။

ကောင်မလေးကလည်း ရထားပေါ်မှာပဲ နေခဲ့ရန် ပေကပ်ကပ်ပြောနေသည်။

ရှီးရာက စစ်စစ်ကို ကြည့်လိုက်သည်။

စစ်စစ်က ခေါင်းခါပြ၏။

သူ မဆင်းချင်ဘူးဆိုသည့်သဘော ဖြစ်သည်။

သူ ခေါင်းညိတ်ပြလိုက်သည်။

'ငါ မဆင်းချင်ဘူးလို့ ပြောနေတယ်နော်'

ခုနက အတွဲမှာ ကိစ္စမပြတ်သေးချေ။

ကောင်လေးကလည်း ကောင်မလေးကို အတင်းဆွဲခေါ်နေသည်။ ကောင်မလေးက ရထားပေါ်မှာနေခဲ့ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပုံရသည်။

'ဟ… ဘာမှန်းမသိတဲ့ ရထားတွဲကြီးမှာ ဆက်လိုက်နေဦးမှာလားဟ'

'နင်က ကြောက်နေတာလား'

'ဘာ…'



ကောင်လေးမှာ ဒေါသထွက်သွားပုံရသည်။

တကယ်လည်း ထိုကောင်လေးမှာ ကြောက်နေပုံရသည်ဟု ရှီးရာ ထင်မိသည်။

သူတို့ရှေ့က နငယ်အတွဲမှာလည်း တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

သူတို့လည်း တွေဝေနေပုံရသည်။

ထိုအချိန်တွင် ရထားမှာ ဘီးပြန်လိမ့်နေပြီး ထွက်ရန်အတွက် ဟန်ပြင်နေသည်။

ကောင်လေးတစ်ယောက် ရထားပေါ်က ခုန်ပြေးဆင်းသွားတာကို တွေ့လိုက်ရသည်။

ခုနက သူ့ကောင်မလေးကို ခေါ်နေသော ကောင်လေးဖြစ်သည်။

ကောင်မလေးကတော့ ရထားပေါ်မှာ ငိုပြီးကျန်နေခဲ့သည်။

ရထားမှာ ပြန်ပြီးအရှိန်ရနေပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၃)

ရထားပေါ်တွင် လူအနည်းငယ်သာ ကျန်ခဲ့လေသည်။ သေသေချာချာ ပြောရမည်ဆိုပါက…

(၁) ရှီးရာနှင့် စစ်စစ် စုံတွဲ

(၂) နငယ်စုံတွဲ

(၃) မီးလုံး (ကောင်မလေးဆုံးသွားသူ)

(၄) ဝါလေး (ကောင်လေးက ရထားပေါ်မှဆင်း သွားသူ)

နှင့်

(၅) နောက်ထပ် အတွဲလေးတွဲ ဖြစ်သည်။

မီးလုံးနှင့် ဝါလေးက ရှီးရာတို့များသို့ လာပြောင်းထိုင်သည်။



‘ ကျန်တဲ့စုံတွဲလေးတွဲကတော့ သူတို့ဘာသာသူတို့ ထိုင်နေကြ၏။

‘နင်က ဘာဖြစ်လို့ နင့်ကောင်လေးနဲ့ လိုက်မသွားတာလဲ’

ရှီးရာက ဝါလေးကို မေးလိုက်သည်။

စစ်စစ်မှာလည်း နည်းနည်းပြန်လန်းလာပြီဖြစ်သည်။

‘အခုလို စောစောစီးစီး သူ့စိတ်ဓာတ်ကို သိလိုက်ရတော့ ဝမ်းသာတယ်၊ တကယ်တော့ ကျွန်မလည်း ကြောက်တာပါပဲ၊ ဒါပေမဲ့ ဘယ်လိုအခြေအနေမှန်းမှ မသိတာ၊ စောင့်ကြည့်ချင်သေးတာပေါ့၊ သူ အခုလိုလုပ်သွားလိမ့်မယ်လို့လည်း မထင်မိဘူးလေ’

ဟု ဝါလေးက ငိုလည်း ငို၊ ပြောလည်း ပြောနေသည်။

ရထားက ခုတ်မောင်းနေဆဲဖြစ်သည်။

နှင်းပွင့်က ဝါလေးကို နှစ်သိမ့်၏။

အားလုံးက တစ်ယောက်တစ်ခွန်း ဝင်ပြောသောကြောင့် ဝါလေးမှာ အငိုတိတ်သွားလေသည်။

ထိုစဉ် မီးလုံးက…

‘ကဲ… ငါတို့ အခု ဘာလုပ်ကြမလဲ’

ဟု ဆိုပြီး သူတို့၏ အဓိကအကြောင်းအရာကို ဦးတည်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ငြိမ်သက်သွားသည်။

အခုဆိုရင် သူတို့ ရထားပေါ်ရောက်နေသည်မှာ သုံးနာရီကျော်ကျော်ရှိပြီဖြစ်သည်။

ထိုသုံးနာရီအတွင်း အဖြစ်အပျက် အပြောင်းအလဲများ မြန်ဆန်လွန်းသည်။

မိန်းကလေးအချို့ ရှက်ရှက်သဲသဲဖြစ်ပြီး အန်ကြသည်။ အားလုံး ထိတ်လန့်သွားကြသည်။ အားလုံးကို သေစေလိုသောကြောင့် ရေထဲမှာ အဆိပ်ခတ်ထားသည်ဟု ထင်ကြကာ ရထားရပ်သောအခါတွင် ရထားပေါ်က ကြောက်လန့်တကြား ဆင်းပြေးကြသည်။

သူတို့ကမရော…

ရထားပေါ်မှာ အခု ဘာလုပ်ကြမှာလဲ၊ ဘာလုပ်ရမှာလဲ။

'မေးခွန်းတစ်ခုတော့ မေးရမယ်'

ရိုးရာစကားကြောင့် အားလုံး စိတ်ဝင်စားသွားကြသည်။

ခပ်လှမ်းလှမ်းမှာ ထိုင်နေသော စုံတွဲလေးတွဲကလည်း စိတ်ဝင်စားသလိုဖြင့် နားစွင့်နေသည်။

'ဘာမေးမှာလဲ'

'ငါတို့ လက်ထပ်ဖို့အတွက် ဒီရထားကို ယုံကြည်သေးလား'



'ဟင်…'

တွေဝေသည့်မျက်နှာများကို အထင်းသားမြင်လိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

'ကျွန်မကတော့ ယုံတယ်'

ဝါလေး၏ အဖြေဖြစ်သည်။

သူကပဲ ဆက်ရှင်းသည်။

'ခုနဝရန်းသုန်းကားဖြစ်တုန်းက မယုံကြည်တော့ဘူး၊ အခုမှ ယုံကြည်လာသလို ခံစားရတယ်၊ ပြီးတော့ ကျွန်မ ချစ်သူကို အောင်မြင်ကြောင်းလည်း ပြချင်သေးတယ်'

'ဒါပေမဲ့ အခု ခင်ဗျားမှာ လက်ထပ်မယ့်သတို့သား လောင်း မပါတော့ဘူးလေ'

ကိုနေက ဝင်ပြောသည်။

'ဘာပဲဖြစ်ဖြစ် ကျွန်မက ဒီပြိုင်ပွဲမှာ တရားဝင်နေပါ သေးတယ်'

ဝါလေးစကားကို အားလုံးက ထောက်ခံလိုက်ကြ သည်။



ပြီးနောက် ရိုးရာက နှင်းပွင့်နှင့်ကိုနေတို့စုံတွဲ (နယ် စုံတွဲ)ဘက်ကို လှည့်ကြည့်လိုက်သည်။

'ကျွန်တော်တို့ကလည်း ယုံတယ်လို့တော့ မဟုတ်ပါ ဘူး၊ ဘာဖြစ်မလဲလို့ ဆက်သိချင်ရုံပဲ ရှိတော့တယ်'

မီးလုံးကတော့ ခေါင်းညိတ်ပြသည်။

'ကျွန်တော်ကတော့ ဒီရထားပေါ်မှာ ဆက်ရှိနေမှာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကောင်မလေးကို ကျွန်တော်က ကတိပေးထားတယ်လေ'

သူ ဆက်လက်ယုံကြည်နေဆဲဆိုသည့်သဘောဖြစ် သည်။

စစ်စစ်ကတော့ ရိုးရာလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

သူလည်း ယုံကြည်နေဆဲဆိုသည့် သင်္ကေတဖြစ်သည်။

ရိုးရာက ခပ်လှမ်းလှမ်းမှာ ရှိနေသော အတွဲလေးတွဲကို လှမ်းကြည့်လိုက်သည်။ သူတို့က မဖြေချင်သည့်အမူအရာ ပြနေ သောကြောင့် ဒီဘက်ပြန်လှည့်လိုက်ပြီး…

'ဒါဆိုလည်း ဘာဆက်ဖြစ်မလဲ ဆက်စောင့်ကြတာ ပေါ့'

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

အစိက္ကကတော့ သူတို့အားလုံး ရေဆာလာကြခြင်း ဖြစ်သည်။ ရထားပေါ်တွင် သူတို့အတွက် တစ်စုံတစ်ခုရှိနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် ဘာမှမယူလာခဲ့ချေ။

အခုတော့ ရေဆာနေပြီဖြစ်သည်။

ရထားတွဲပေါ်တွင် ရေသန့်ဘူးရှိနေသော်လည်း ဘယ်သူမှ ထပ်မသောက်ရဲတော့ချေ။

ကြာလေကြာလေ ရေဆာခြင်းက မခံမရပ်နိုင်အောင် ဖြစ်လာသည်။

'ရေဆာလိုက်တာ'

အတွဲတစ်တွဲမှ ညည်းညူသံကို ကြားလိုက်ရသည်။

အာခေါင်ခြောက်လာသည်။



တံတွေးပင် မျိုချ၍မရတော့ပေချေ။

စစ်စစ်က အားနည်းနေသည့်ပုံစံဖြင့် သူ့ပခုံးကို မှီထားလေသည်။

နငယ်စုံတွဲကလည်း ရေဆာသဖြင့် စကားမပြောနိုင်ကြတော့ဘဲ တစ်ယောက်နဲ့ တစ်ယောက် မှိန်းနေကြတော့သည်။

ရိုးရာ၏ အကြည့်များက တစ်ချက်တစ်ချက် ရေသန့်ဘူးဆီသို့သာ ရောက်နေလေသည်။

ထိုရေဘူးက ဒီရထားတွဲထဲမှာ အကြောင်းမဲ့သက်သက်ထားခြင်းတော့ မဖြစ်နိုင်ဟု တွေးနေမိသည်။

ထို့ကြောင့် စစ်စစ်ကို ရထားခုံ၏ ထောင့်နားလေးတွင် မှီခိုင်းပြီး ရိုးရာက မတ်တတ်ရပ်လိုက်သည်။

'ဘယ်သွားမလို့လဲ'

'ငါ ရေသန့်ဘူးကို ခဏကြည့်မလို့ပါ'

'မသောက်နဲ့နော်'

'အေးပါ'

ရိုးရာကို အားလုံးက ကွက်ကြည့်ကွက်ကြည့်နဲ့ ကြည့်နေကြသည်။

ရေသန့်ဘူးရှေ့တွင် ငုတ်တုတ်ထိုင်ချလိုက်သည်။

ရေသန့်ဘူးကို သေချာကြည့်မလို့ ပြင်နေတုန်းပင် ရထားမှာ နောက်တစ်ကြိမ် ရပ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် အသံတစ်သံကိုလည်း ကြားလိုက်ရသည်။

'ရေခဲရေ ရမယ်၊ ရေခဲရေ'

အပြင်မှကြားရသော အသံဖြစ်သည်။

အားလုံးမှာ ရထားပြတင်းပေါက်မှ ကြည့်လိုက်ရာ ရထားဘူတာရုံဟောင်းအတွင်းတွင် ရေခဲရေရောင်းနေသောသူ တစ်ဦးကို တွေ့ရသည်။

အခြားလူတစ်ဦးတစ်ယောက်မျှ မရှိချေ။

'ရေ··· ရေ···'

အတွဲတစ်တွဲမှာ 'ရေ··· ရေ···'ဟု အော်ရင်း ရထားပေါ်မှ ပြေးဆင်းသွားသည်။

'ငါ ရေသွားဝယ်လိုက်ဦးမယ်၊ ခဏနေနဲ့'

'ဟင့်အင်း··· တစ်ခါတည်းလိုက်သောက်မယ်'

ဟု ဆိုပြီး အတွဲတစ်တွဲမှာလည်း ခပ်မြန်မြန်ဆင်းသွားသည်။

သူလည်း ရေဆင်းဝယ်ရန်အတွက် စဉ်းစားလိုက်သည်။ အခုအချိန်တွင် ရေသည် သူတို့အတွက် အရေးကြီးနေပြီဖြစ်သည်။

သို့သော် တစ်စုံတစ်ခုတော့ မသင်္ကာစရာကောင်းနေသည်။



အားလုံးက ရေဆာနေသည့်အချိန်မှာ ရထားရပ်ပေးသည်။

ရပ်ပေးသည့် ဘူတာမှာလည်း ရေခဲရေရောင်းသည့် သူတစ်ဦးသာ ရှိသည်။

သူ့ရှေ့မှ မီးလုံး ဖြတ်သွားတာကို မြင်လိုက်ရသည်။

'ဘယ်လဲ'

'ရေသွားဝယ်မလို့'

'မဝယ်နဲ့'

'ဘာဖြစ်လို့လဲ'

မီးလုံးမှာ ရေအရမ်းဆာနေ၍ ဒေါသအနည်းငယ် ထွက်နေပုံရသည်။

'ဘာဖြစ်လို့လဲဆိုတော့ ငါ မပြောတတ်ဘူး၊ မင်း ဆင်းနေရင် မင်း ကျန်ခဲ့လိမ့်မယ်'

'ခပ်မြန်မြန်ဝယ်ပြီး ပြန်တက်ခဲ့မှာပေါ့'

ဟု ဆိုပြီး ဆင်းရန်ပြင်လိုက်သည်။

ရိုးရာက ဖမ်းဆွဲထားလိုက်သည်။

မီးလုံးက အတင်းရုန်းပြီး ဆင်းရန်ပြင်၏။

ထိုအချိန်တွင် ရထားမှာ ဘီးလိမ့်စပြုနေပြီဖြစ်သည်။ ရေခဲရေဝယ်နေသော အတွဲနှစ်တွဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားတာကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရထားဘက်သို့ ချက်ချင်းပြန်ပြေးလာတာကို တွေ့လိုက်ရသည်။

သို့သော် ရထားမှာ အရှိန်ရပြီး ခုတ်မောင်းနေပြီဖြစ်သည်။

ဤသို့ဖြင့် အတွဲနှစ်တွဲမှာ ဘူတာရုံလေးတစ်ခုတွင် ကျန်ခဲ့ပြန်လေသည်။

ရိုးရာက မီးလုံးကို ဆွဲထားခြင်းအား လွှတ်ပေးလိုက်သည်။

မီးလုံးက ရိုးရာကိုကြည့်ပြီး...

'ရေဆာတယ်ဗျာ'

ဟုသာ ပြောပြီး သူ့နေရာသူ ပြန်ထိုင်နေလေသည်။

ရထားတွဲထဲသို့ တစ်ချက်ကြည့်လိုက်သည်။ အားလုံးက သူ့ကို ငေးကြည့်နေတာကို တွေ့လိုက်ရသည်။

သူတို့အားလုံး ကြောင်ကြည့်နေစဉ်မှာပင် ခပ်တင်းတင်းကောင်လေးက တစ်ဖက်ရထားတွဲနှင့် သူတို့အတွဲကို ခြားထားသော မှန်အနက်များသို့ ပြေးသွားပြီး တစ်စုံတစ်ခုနှင့် ထုလေသည်။

ဘာမှ ထူးခြားမလာချေ။

ခပ်တင်းတင်းကောင်မလေးကလည်း မတ်တတ်ရပ်လိုက်ပြီး ရိုးရာတို့ ရှေ့ရှိ စတိုခန်းထဲသို့ ပြေးဝင်သွားသည်။



ထို့နောက် လေးလံတဲ့အရာကြီးတစ်ခု ယူလာပြီး မှန်ကြီးကို ထုလေသည်။ ဘာ့မှန်အမျိုးအစားမှန်းမသိသော မှန်ကြီးမှာ နည်းနည်းလေးမှ ကွဲအက်ခြင်းမရှိချေ။

ထိုသို့ဖြင့် ရထားပေါ်တွင်

(၁) ရိုးရာနှင့် စစ်စစ် စုံတွဲ

(၂) နငယ်စုံတွဲ

(၃) မီးလုံး (ကောင်မလေးဆုံးသွားသူ)

(၄) ဝါလေး (ကောင်လေးက ရထားပေါ်မှဆင်းသွားသူ)

(၅) နောက်ထပ် စုံတွဲနှစ်တွဲသာ ကျန်ရစ်ခဲ့သည်။

ပထမစုံတွဲမှာ နှစ်ယောက်စလုံး ခပ်ပိန်ပိန်တွေဖြစ်သည်။ မျက်နှာကလည်း ရှုတင်းတင်းနိုင်လှ၏။

ထို့ကြောင့် ထိုအတွဲကို ခပ်တင်းတင်းအတွဲဟု ယာယီနာမည်ပေးလိုက်သည်။

နောက်တစ်တွဲကတော့ ဝလည်း မဝ၊ ပိန်လည်း မပိန်ပေ။ သူတို့အတွဲကတော့ ဘာလုပ်ရမှန်းမသိသည့် အူကြောင်ကြောင်ဖြစ်နေသည့်ပုံစံတွေပင်။

ဒါကြောင့် ဒွိဟအတွဲဟု အားလုံးက နာမည်ပေးထားလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၃၆)

ထိုအချိန်တွင် မည်သည့်နေရာတွင် တပ်ဆင်ထားမှန်း မသိသည့် Speaker မှ အသံထွက်လာသောကြောင့် အားလုံး လန့်သွားကြသည်။

'ရထားတွဲနံပါတ်လေးမှာ ကျန်ခဲ့တဲ့ စုံတွဲတွေကို ဂုဏ်ယူပါတယ်၊ အရင်ဘူတာတွေမှာ ကျန်ခဲ့တဲ့စုံတွဲတွေဟာ ဘဝကို ရင်ဆိုင်ဖို့ အဆင်သင့်မဖြစ်သေးတဲ့ စုံတွဲတွေလို့ ကျွန်တော်တို့ ရထားက ယူဆပါတယ်၊ ဘာကြောင့်လဲဆိုတော့ လက်ထပ်တော့မယ့် စုံတွဲတွေမှာ-သူတို့ကိုယ်ပိုင်ခံယူချက်၊ ဆုံးဖြတ်ချက်တွေ ရှိကြပါတယ်၊ ထိုဆုံးဖြတ်ချက်တွေနဲ့ပဲ သမီးရည်းစားအနေနဲ့ မတူတဲ့ အိမ်ထောင်ရေးမှာ အောင်မြင်ခြင်း၊ ကျဆုံးခြင်းတွေ ဖြစ်တတ်ပါတယ်၊ အခု ရထားတွဲနံပါတ်လေးမှာ ကျန်ခဲ့တဲ့စုံတွဲတွေကို စိတ်ဓာတ်ကြံ့ခိုင်တဲ့စုံတွဲတွေလို့ သတ်မှတ်တဲ့အတွက်



ကျွန်တော်တို့ရဲ့ သမီးရည်းစား(၁၅)တွဲကနေ နောက်ဆုံးကျန်ခဲ့တဲ့ စုံတွဲထိ စစ်ထုတ်ခြင်းဆိုတဲ့အပိုင်း ပြီးသွားပါပြီ၊ ဒါကြောင့် ဆက်သွယ်ခြင်းဖြစ်ပါတယ်'

သူတို့ ငြိမ်ပြီးနားထောင်နေမိကြသည်။

'ကျွန်တော်တို့ ရထားဟာ ခေါင်းတွဲအပါအဝင် လေးတွဲ ရှိပါတယ်၊ အခုလက်ရှိအတွဲဟာ နံပါတ်လေးဖြစ်ပြီး ကပ်လျက်အတွဲကတော့ နံပါတ်သုံးအတွဲပါ'

ရိုးရာက စိတ်ကူးထဲမှာ ပုံစံလေးချကြည့်မိသည်။

| | | | |
|---|---|---|---|
| နောက်ဆုံး အတွဲ(၄) | (၃) | (၂) | ရထား ခေါင်းတွဲ |

'ရထားအတွဲတိုင်း အတွဲတိုင်းမှာ ကင်မရာတွေ တပ်ဆင်ထားပါတယ်'

အားလုံးမှာ ရထားတွဲထဲ၌ ပြူးတူးကြောင်တောင်နှင့် လျှောက်ကြည့်မိကြသည်။

Speaker မှ အသံထွက်လာပြန်၏။

'အခုမှ စတင်၍ ပြိုင်မယ့်ပွဲလေးဟာ ရိုးရိုးလေးပါ၊ မခက်ခဲပါဘူး၊ လျင်မြန်စွာတွေးခေါ်မှုနဲ့ ဖြတ်ထိုးဉာဏ်လေးတွေကို အသုံးချရင် အောင်မြင်မှာပါ၊ အဲဒီတော့ ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ချင်ပါတယ်ဆိုပါက လက်ကလေးတွေ ထောင်ပြပေးပါ၊ အကယ်၍ မပြိုင်ချင်ဘူးဆိုပါက အရှေ့ဘူတာလေးတစ်ခုမှာ ကျွန်တော်တို့ ရထားရပ်ပေးမှာ ဖြစ်ပါတယ်'

ချက်ချင်းဆိုသလို အားလုံးက လက်ထောင်လိုက်ကြသည်။

တစ်ဖက်က ကင်မရာမှတစ်ဆင့် မြင်နေရမည်ဖြစ်သည်။

'ဟုတ်ပါပြီ… ဒါဆို အကုန်ဝင်ပြိုင်မယ်လို့ ယူဆပါတယ်၊ သို့သော် ယခုအတွဲမှာ အတွဲ (4)တွဲနှင့်အတူ အတွဲလွတ် (၂)တွဲလည်း ပါနေပါတယ်၊ ဒီတော့ ထိုအတွဲလွတ် (၂)တွဲကို ပေါင်းပြီး အတွဲ (၁)တွဲအနေဖြင့် သီးသန့်ပြိုင်စေလိုပါသည်၊ သဘောတူပါလား'

မီးလုံးနှင့် ဝါလေးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

မထင်မှတ်ထားသော ကိစ္စဖြစ်သောကြောင့် ဆုံးဖြတ်ဖို့ တွေဝေနေကြသည်။

'တစ်ယောက်တည်း ပြိုင်လို့မရဘူးလား'

ဝါလေးက လှမ်းမေးလိုက်သည်။



'ကျွန်တော်တို့ ရထားက အတွဲတွေကိုပဲ လက်ခံတာပါ၊ ကိုမီးလုံးက ဖနီးလောင်းဆုံးသွားတဲ့အတွက် ခြွင်းချက်အနေနဲ့ လက်ခံခဲ့တာပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် လမ်းမှာဆင်းသွားလိမ့်မယ်လို့ ယူဆထားတဲ့အတွက် လက်ခံထားခြင်းလည်း ဖြစ်ပါတယ်၊ သို့သော် ယခုလို ဒီအဆင့်ထိ ရောက်ရှိလာတဲ့တွက် သူ့အတွက်ကိုပါ ထည့်စဉ်းစားရပါလိမ့်မယ်'

'အကယ်၍ ကျွန်မတို့နှစ်ယောက်ပေါင်းပြီး အတွဲလို မယှဉ်ပြိုင်ရင် မရဘူးပေါ့'

'ဟုတ်ပါတယ်၊ ရှေ့ဘူတာမှာ ဆင်းရပါလိမ့်မယ်'

မီးလုံးကတော့ ဝါလေးကို ကြည့်နေသည်။ သူကတော့ ဝါလေးသဘောအတိုင်း လက်ခံမည့်ပုံ ပေါ်နေသည်။

နောက်ဆုံးတွင် ဝါလေးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ… ကျွန်မ ကိုမီးလုံးနဲ့ ပေါင်းလိုက်ပါ့မယ်'

ဤသို့ဖြင့် အတွဲ (၅)တွဲ ဖြစ်သွားသည်။

ရိုးရာနဲ့ စစ်စစ်

ကိုနေနှင့် နှင်းပွင့်

မီးလုံးနှင့် ဝါလေး

www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်းစုံတွဲ

ဒွိဟအတွဲ

တို့ ဖြစ်ကြသည်။

ထိုစဉ် Speaker မှအသံ ထွက်ပေါ်လာသည်။

■



(၃၇)

'အခု အတွဲငါးတွဲလုံး ရေဆာကြရောပေါ့'

သူတို့အားလုံး ခေါင်းညိတ်ပြလိုက်ကြသည်။

'အခု အတွဲနံပါတ် (၃)မှာ ဘာမှရောထားခြင်းမရှိတဲ့ ရေဗူး ရှိပါတယ်၊ ဒါပေမဲ့ အနိုင်ရတဲ့ စုံတွဲများကိုသာ ဝင်ခွင့်ပြုပါမယ်'

အားလုံး တိတ်ဆိတ်သွားကြသည်။ ထို့ပြင် ထိုစည်းကမ်းကို သဘောတူရန်အတွက်လည်း အားလုံးက ခေါင်းညိတ်ပြီးသား ဖြစ်နေကြသည်။ ထို့နောက်…

ပြိုင်ပွဲအတွက် အသင့်အနေအထားဖြင့် ပြင်ဆင်ထားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



Speaker က ထွက်လာသော အသံကိုလည်း မလွတ်တမ်း နားထောင်နေကြသည်။

'ဒီမှာရှိတဲ့ စုံတွဲ(၅)တွဲဟာ တရားဝင်သည့် နည်းလမ်းဖြင့် စက္ကန့်(၄၅)စက္ကန့်အတွင်း လက်ထပ်နိုင်သော စုံတွဲများကို ရထားအတွဲနံပါတ်(၃)အား ဝင်ခွင့်ပြုမည်။

'ဘယ်လို…'

Speaker မှ နောက်တစ်ခေါက် ပြန်ပြောပြလေသည်။

■



တရားဝင်သည်ဟုထင်ရသည့် နည်းလမ်းပုံစံဖြင့် ၄၅ စက္ကန့်အတွင်းလက်ထပ်နိုင်သော စုံတွဲများကို ရထားတွဲနံပါတ်(၃)အား ဝင်ခွင့်ပြုမည်။

www.burmeseclassic.com

www.burmeseclassic.com



# (၃၈)

အတွဲ (၅)တွဲလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ တစ်တွဲနှင့်တစ်တွဲ မကြည့်အားတော့ဘဲ ချစ်သူအချင်းချင်း မျက်နှာချင်းဆိုင် ကြည့်လိုက်ကြသည်။

ရှီးရာနှင့် စစ်စစ်ကလည်း တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ အချိန်မှာ သုံးစက္ကန့် ကုန်သွားသည်။

ထိုအချိန်တွင် မီးလုံးနှင့် ဝါလေးမှာ ထိုင်နေရာမှ ထလိုက်ပြီး…

'ကျွန်မတို့ အရင်လက်ထပ်ပါရစေ'

'အင်း… ဘယ်လိုလက်ထပ်မှာလဲ'

Speaker မှလည်း ပြန်မေးသည်။

ခြောက်စက္ကန့်ရှိသွားပြီ ဖြစ်သည်။

သက်ထပ်လက်ရှပ်လဲတဲ့ဓလေ့နဲ့ လက်ထပ်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး ဝါလေးက အရင်ကတည်းက ယူလာပုံရသည့် လက်စွပ်နှစ်ကွင်းကို ထုတ်လိုက်သည်။

ထို့နောက် မီးလုံးအား ကမ်းပေးလိုက်သည်။

မီးလုံးကယူပြီး ဝါလေး၏ လက်သူကြွယ်ကို စွပ်ပေးလိုက်သည်။

ဝါလေးကလည်း ကျန်တဲ့လက်စွပ်ကို စွပ်ပေး၏။

'အခု ကျွန်တော် မီးလုံးနဲ့ ဝါလေးတို့ဟာ လက်ထပ်ပြီးသွားပါပြီ'

Speaker မှ အသံထွက်မလာချေ။

၁၂ စက္ကန့် ရှိသွားပြီ ဖြစ်သည်။

မီးလုံးနှင့် ဝါလေးမှာ ထိတ်လန့်သွားသည်။ သူတို့လက်ထပ်တာ မဟုတ်လို့လား။

ကျန်တဲ့စုံတွဲများကလည်း သူတို့နည်းတူပင် Speaker မှ အသံကိုသာ နားစွင့်နေကြသည်။

'ကောင်းပြီလေ… ရထားအတွဲ နံပါတ် (၃)ကို ဝင်ဖို့အတွက် ပထမဆုံးအတွဲကို ကြိုဆိုပါတယ်'

'ဟေး…'

ဝါလေးက ပျော်ရွှင်အော်လိုက်လေသည်။ မီးလုံးလက်ကိုလည်း ယောင်ပြီး ကိုင်လိုက်မိ၏။



ဘာပဲပြောပြော အတွဲတစ်တွဲတော့ ဝင်ခွင့်ရသွားလေပြီ။

ကျန်တဲ့လူများမှာ စဉ်းစားနေဆဲ ဖြစ်သည်။ ဘယ်လိုလက်ထပ်ရမလဲ။ ၁၈ စက္ကန့်…

ဝင်ခွင့်ရဖို့အတွက် နောက်ထပ်နှစ်တွဲပဲ ကျန်သည်။

ထို့နောက် ရိုးရာက မတ်တပ် ထရပ်လိုက်၏။

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

၂၁ စက္ကန့် ရှိနေပြီ ဖြစ်သည်။

သူ့ရှေ့က နငယ်အတွဲမှာ ပြုံးပြုံးပျာပျာဖြစ်သွားတာကို တွေ့ရ၏။

စစ်စစ်ကတော့ ထိုင်လျက်အနေအထားပဲ ဖြစ်နေသည်။

'ကျွန်တော့်နာမည်က ရိုးရာပါ'

ရိုးရာက Speaker ဘက်သို့ ဦးတည်ပြီး ပြောလိုက်သည်။

'ဟုတ်ကဲ့… သိပြီးသားပါ'

ထို့နောက် ရိုးရာက ထိုင်နေသော စစ်စစ်ကို လက်ညှိုးထိုးပြလိုက်ပြီး…

'ဒါကတော့ ကျွန်တော့်မိန်းမ စစ်စစ်ပါ'

အားလုံး ကြောင်အမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်တာလဲပေါ့။

ရိုးရာက ပြန်ထိုင်သည်။ စစ်စစ်က ပြန်ထပြန်၏။ ပြီးနောက် Speaker အသံလာရာဘက်သို့ လှည့်ကာ…

'ကျွန်မနာမည် စစ်စစ်ပါ၊ ဒါကတော့ ကျွန်မ ယောက်ျား ရိုးရာပါ'

'ဟင်…'

ထိုသို့ဖြင့် ရိုးရာက ထပြီးမိတ်ဆက်လိုက်၊ စစ်စစ်က ထပြီးမိတ်ဆက်လိုက်နှင့် သုံးကြိမ်သုံးခါတိတိ လုပ်ကြသည်။

နောက်ဆုံးတွင် ရိုးရာက မတ်တတ်ထရပ်လိုက်ပြီး…

'ကျွန်တော်တို့နှစ်ယောက်က အကြင်လင်မယားဖြစ်သွားပါပြီ'

'ဘယ်လိုနည်းနဲ့ ဖြစ်သွားတာလဲ'

**'အနောက်နိုင်ငံ မြို့လေးတစ်ခုမှာ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တို့ဟာ သူတို့ကိုယ်သူတို့ အကြင်လင်မယားဆိုပြီး အခြားလူတွေကို သုံးကြိမ်သုံးခါ မိတ်ဆက်ပေးမယ်ဆိုရင် တရားဝင် အကြင်လင်မယားဖြစ်တယ်လို့ အဆိုရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ အခုအချိန်မှာ အကြင်လင်မယားဖြစ်နေပါပြီ'**

တိတ်ဆိတ်သွားသည်။ ၃၅ စက္ကန့်ရှိပြီ ဖြစ်သည်။ ပွဲပြီးရန် ၁၀ စက္ကန့်သာ လိုတော့သည်။ ရိုးရာနှင့်စစ်စစ်မှာလည်း သူတို့၏လက်ထပ်ခြင်းကို လက်ခံ၊ မခံ သိရှိရန်အတွက် ရင်တထိတ်ထိတ်နှင့် စောင့်နေကြ၏။ ရထားတစ်တွဲလုံးမှာလည်း တိတ်ဆိတ်သွားသည်။ ခဏကြာသောအခါတွင် Speaker မှ အသံထွက် ပေါ်လာသည်။

'အိုကေ… ရိုးရာနဲ့စစ်စစ် စုံတွဲကို လက်ခံပါတယ်'

ရိုးရာက ဝမ်းသာအားရဖြင့် စစ်စစ်ပါးလေးကို နမ်းလိုက်သည်။

ဤသို့ဖြင့် ရှစ်စက္ကန့်သာ ကျန်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



# (၃၉)

ရထားအတွဲနံပါတ် (၄)တွင် တိတ်ဆိတ်နေသည်။ ရထားခုတ်မောင်းသံမှ လွဲ၍လည်း ဘာသံမှ မကြားရချေ။

နယ်အတွဲမှာ အသည်းအသန်စဉ်းစားနေပုံရသည်။

တစ်ဦးကိုတစ်ဦး အပြစ်တင်နေသံကိုလည်း ကြားနေရသည်။

ဒွိဟအတွဲကိုကြည့်လိုက်တော့ နာမည်နဲ့လိုက်အောင် ဒွိဟဖြစ်နေပုံရသည်။

ခပ်တင်းတင်းစုံတွဲကတော့ ခေါင်းချင်းဆိုင်ကာ စဉ်းစားနေ၏။

'ဟာ… ရပြီ'

ခပ်တင်းတင်းစုံတွဲဆီမှ ထွက်လာသောအသံကြောင့် စဉ်းစားနေသည့် ကျန်စုံတွဲ (၂)တွဲမှာ အထိတ်တလန့်နှင့် ခေါင်းမော့ကြည့်ကြသည်။



ခပ်တင်းတင်းကောင်မလေးက ရိုးရာတို့နောက်ရှိ စတိုခန်းလေးထဲသို့ ပြေးဝင်သွားသည်။

ပြန်ထွက်လာသောအခါ စက္ကူနှင့် ဘောပင်ကို ကိုင်ပြီး ထွက်လာသည်။ ပြီးနောက် အခြားလက်တစ်ဖက်တွင်လည်း သစ်သားခုံပုံစံမျိုးလေးတစ်ခု ကိုင်ထားသေး၏။ ခုနက မှန်ရိုက်ဖို့သွားယူတုန်း တွေ့ထားပုံရသည်။

၄ စက္ကန့်သာ ကျန်တော့သည်။

ကောင်လေးက သူ့ကောင်မလေးယူလာသော ပစ္စည်းများကို ဆက်စပ်လိုက်ပြီး တစ်စုံတစ်ခုရေးနေသည်ကို တွေ့ရ၏။

ပြီးနောက် မီးလုံးနှင့် ဝါလေးနားသို့ကပ်ပြီး တစ်စုံတစ်ခုလုပ်နိုင်းနေလေ၏။ မီးလုံးနှင့် ဝါလေးကလည်း ဘောပင်ယူပြီး စာရွက်ပေါ်မှာ တစ်စုံတစ်ခု ရေးခြစ်လိုက်တာကို တွေ့ရသည်။

၁ စက္ကန့်ပဲ ကျန်တော့သည်။

'ကျွန်တော်တို့လည်း အကြင်လင်မယားဖြစ်သွားပါပြီ'

ခပ်တင်းတင်းစုံတွဲက ဝမ်းသာအားရအော်ပြောလိုက်၏။

'ဘယ်လိုနည်းနဲ့ ဖြစ်သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်းကောင်လေးက မတ်တတ်ရပ်လိုက်ပြီး စာရွက်လေးတစ်ရွက်ကို မြှောင်ပြလိုက်သည်။

'ကျွန်တော် စာရွက်ထဲက စာသားကို ဖတ်ပြပါမယ်'

'အင်း… ဖတ်ပြပါ'

ခပ်တင်းတင်းကောင်လေးက သေချာဖတ်ပြလေသည်။

'ကျွန်တော်၊ ကျွန်မတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်နှစ်သက်ပါသောကြောင့် အောက်ဖော်ပြပါ အသိသက်သေနှစ်ယောက်ရှေ့တွင် အကြင်လင်မယားဖြစ်ကြောင်း လက်ထပ်ပြီးဖြစ်ပါသည်'

ခဏရပ်လိုက်ပြီးနောက် ဆက်ပြောသည်။

'အောက်မှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ လက်မှတ်ရယ်၊ အသိသက်သေနှစ်ယောက်ရဲ့ လက်မှတ်ရယ် ပါပါတယ်'

ကင်မရာရှိမည်ဟု ထင်ရသောနေရာကို ခပ်တင်းတင်းကောင်လေးက စာရွက်ကို ထောင်ပြနေသည်။

Speaker မှ အသံထွက်မလာချေ။

ခပ်တင်းတင်းကောင်လေးက စာရွက်ကို ထောင်ပြထားဆဲ ဖြစ်သည်။

အချိန်ပြည့်သွားပြီ ဖြစ်၏။ ထိုကောင်လေးကတော့ ရင်ခုန်စွာနဲ့ စောင့်နေဆဲ ဖြစ်သည်။



မှတ်ချက်။ ။ ထိုစုံတွဲရေးလိုက်သော စာရေးနည်းမှာ ရထားပေါ်တွင်ရေးသားသော စာရေးခုံနှင့်ရေးသောကြောင့် ဖြစ်ပါသည်။ ၎င်းစာရေးခုံပုံအား ဝတ္ထုမျက်နှာဖုံးနောက်ဆုံးတွင် ဖော်ပြထားပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၄၀)

ရထားအတွဲနံပါတ်(၃)သို့ ရောက်သောအခါတွင် အရင်ဆုံး လုပ်သည့်အလုပ်မှာ ရေသောက်ခြင်းပင်ဖြစ်သည်။

ထိုရေသောက်လိုက်သောအခါတွင် စစ်စစ်မှာ ရောဂါပျောက်သလို ဖြစ်သွားသည်။ အတွဲနံပါတ်(၃)၏ အခန်းမှာ နံပါတ်(၄)ထက် ပိုကျယ်ပြီး သန့်ရှင်းသပ်ရပ်မှုရှိသည်။

ထိုင်ခုံမှာလည်း အတွဲသုံးတွဲအတွက် သီးသန့်ဖြစ်သည်။

ရေသောက်ပြီးသောအခါတွင် အတွဲနံပါတ် (၃)သို့ ရောက်ရှိလာသော စုံတွဲ (၃)တွဲသည် ထိုင်ခုံအသီးသီးတွင် ဝင်ထိုင်လိုက်လေသည်။

ခဏကြာသောအခါတွင် ကြားနေကျအသံတစ်သံကို ထပ်ကြားရပြန်သည်။



'အတွဲနံပါတ် (၃)ကို ရောက်လာတဲ့ စုံတွဲ (၃)တွဲကို ကြိုဆိုပါတယ်'

သူတို့ကလည်း ပြန်လည်အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ရေသောက်လိုက်ရ၍ အနည်းငယ် လန်းဆန်းသလိုရှိနေကြသည်။

'အခုအချိန်လောက်ဆိုရင် အားလုံးလည်း ဗိုက်ဆာနေလောက်ရောပေါ့၊ အခု ထိုင်နေတဲ့ခုံတွေရဲ့အောက်မှာ သေတ္တာအသေး တစ်လုံးစီကို တွေ့ပါလိမ့်မယ်၊ အဲဒီအထဲမှာ မုန့်တွေထည့်ထားပါတယ်၊ အရင်စားလိုက်ပါဦး၊ အတွဲနံပါတ် (၂)ကိုကူးဖို့အတွက် ဆက်ပြိုင်ကြတာပေါ့'

သူတို့ထိုင်နေသော ခုံရဲ့ရှေ့တွင် သေတ္တာလေးတစ်လုံးစီကို တွေ့ရသည်။

ဗိုက်က ဆာနေကြပြီဖြစ်သော်လည်း တစ်ယောက်မှ မကိုင်မိကြချေ။

ခပ်တင်းတင်းအတွဲက သေတ္တာကိုဖွင့်လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် အကဲခတ်သလို ကြည့်နေကြ၏။

ထိုသို့သော အခြေအနေကို တစ်ဖက်ကလည်း မြင်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘေးဥပဒ်တစ်ခုမှ မဖြစ်ပါဘူး၊ စားမှာသာ စားကြပါ၊ ဒီကိစ္စဟာ ပြိုင်ပွဲနဲ့ လုံးဝမဆိုင်ပါဘူး'

ဟု ပြောလိုက်မှပင် အားလုံးက သေတ္တာဆီကို လက်လှမ်းလိုက်ကြပြီး မုန့်များကို ဗိုက်ဆာဆာနှင့် စားလိုက်ကြလေသည်။

■



## ရထားအတွဲနံပါတ်(၂)သို့...

www.burmeseclassic.com

www.burmeseclassic.com



(၄၁)

'အတွဲနံပါတ် (၂)ကို သွားဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့ ထင်ပါတယ်'

အားလုံးက တိတ်ဆိတ်နေသောကြောင့် သူက ဆက်ပြောသည်။

'အတွဲနံပါတ် (၂)ကို စုံတွဲ (၂)တွဲ ဝင်ခွင့်ပြုပါမယ်၊ အရင်ပြီးခဲ့တဲ့ အတွဲနံပါတ် (၄)မှာတုန်းက စုံတွဲတွေဟာ လက်ထပ်ခဲ့ပြီးဖြစ်ပါတယ်၊ ဒီတော့ အကြင်လင်မယားဖြစ်ပြီးတဲ့နောက်မှာ သားကျွေးမှု၊ မယားကျွေးမှု ပြုလုပ်ခြင်းဟာ သဘာဝပါပဲ၊ ဒီတော့…'

ဟုဆိုပြီး ခဏရပ်သွားလေသည်။

ထိုအချိန်ထိ သူတို့စုံတွဲ သုံးတွဲမှာ Speaker ကအသံကို စူးစူးစိုက်စိုက် နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အခု အတွဲနံပါတ် (၃)မှာရှိနေတဲ့ စုံတွဲသုံးတွဲကို အလုပ်ပေးပါမယ်၊ အလုပ်ကတော့ ကျွန်တော့်ရဲ့ မအောင်မြင်သေးတဲ့ မင်္ဂလာဝတ်စုံလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းမှာ မန်နေဂျာ ခန့်လိုက်ပါတယ်'

'ဟင်…'

အားလုံးမှာ နားမလည်နိုင်ဖြစ်သွားသည်။

မီးလုံးက ရီးရာကိုကြည့်ပြီး…

'ဘာကို ဆိုလိုတာလဲ'

ဟု မေးသည်။

သူကလည်း မသိသေးကြောင်း ခေါင်းခါပြသည်။

Speaker က လူကလည်း ထပ်ရှင်းပြသည်။

'အဲဒီလို သုံးယောက်လုံးက မန်နေဂျာဖြစ်သွားတဲ့အတွက် ဒီလို သိပ်မအောင်မြင်သေးတဲ့လုပ်ငန်းကို အောင်မြင်မှုရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အကြံဉာဏ်တစ်ခုစီ ပေးရပါမယ်၊ အကောင်းဆုံးအကြံဉာဏ်ပေးနိုင်တဲ့ စုံတွဲ နှစ်တွဲဟာ အတွဲနံပါတ် (၂)ကို ဝင်ခွင့်ရပါမယ်'

'သြော်… အဲဒီလိုလား'

အားလုံး နားလည်သွားကြသည်။

'လုပ်ငန်းသဘောသဘာဝနဲ့ အချက်အလက်တွေကို သိချင်တယ်ဆိုရင် ခုနက မှန့်ထည့်ထားတဲ့ သေတ္တာထဲမှာပဲ



ဖိုင်တွဲလေးတစ်ခု ရှိပါတယ်၊ လေ့လာလို့ရအောင်လည်း ထည့်ပေးထားပါတယ်'

ချက်ချင်းဆိုသလိုပင် သူတို့၏လက်များသည် သေတ္တာဆီသို့လှမ်းကာ ဖိုင်တွဲဆီသို့ ရောက်သွားကြသည်။

များမကြာသောအချိန်ကာလတွင် စုံတွဲ (၃)တွဲသည် ကိုယ့်အတွဲနှင့်ကိုယ် ခေါင်းချင်းဆိုင်လိုက်ကြလေသည်။

ရထားကတော့ ခုတ်မောင်းနေဆဲဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၄၂)

ပထမဆုံး အသံထွက်လာသည်မှာ မီးလုံးတို့ စုံတွဲဆီမှ ဖြစ်သည်။

'ကျွန်တော်လေ့လာသလောက်ကတော့ ဒီမဂ်လာဝတ်စုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းဟာ ကြော်ငြာအားနည်းနေတယ်လို့ ထင်ပါတယ်၊ နာမည်ကြီးတွေနဲ့ သေချာကြော်ငြာမယ်ဆိုရင် လုပ်ငန်းဟာ တိုးတက်လိမ့်မယ်လို့ ယူဆပါတယ်'

'ကြော်ငြာတစ်ခုတည်းပဲလား'

Speaker မှ ပြန်မေးသည်။

'ဟုတ်ပါတယ်၊ ဒီဖိုင်ထဲမှာပါတဲ့ ဝိတ်စနမူနာတွေ ဒီဇိုင်းတွေအရ ``ulity က ကောင်းပြီးသားဖြစ်ပါတယ်၊ အဓိကကတော့ လူမသိသေးတာ ပြဿနာလို့ ထင်ပါတယ်'

'ကောင်းပြီလေ၊ မှတ်ထားပါ့မယ်'



မီးလုံးက ဖိုင်တွဲကို ပြန်ပိတ်လိုက်သည်။

ရိုးရာက စကားစရန်အတွက် ဟန်ပြင်လိုက်သည်။

သို့သော် ခပ်တင်းတင်းကောင်လေးက အရင်ဦးအောင် ဝင်ပြောလိုက်သည်။

'ဖိုင်ထဲက အချက်အလက်တွေအရဆိုရင် ဒီမင်္ဂလာဝတ်စုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းဟာ အာရှနိုင်ငံ တော်တော်များများမှာ မရှိသေးပါဘူး'

'ဟုတ်ပါတယ်'

Speaker မှ ပြန်ဖြေသည်။

'ဒီတော့ အာရှရဲ့ နိုင်ငံတော်တော်များများမှာ သူတို့ရဲ့ ဓလေ့မင်္ဂလာဆောင်တွေ ရှိပါတယ်၊ သူတို့ရဲ့ဝတ်စုံ သူတို့ရဲ့ ဟန်ပန်တွေဟာ သူတို့ရဲ့ အစဉ်အလာ ရှိပြီးသားပါ'

'အင်း…'

'ဒီတော့ နိုင်ငံတိုင်းမှာ သူတို့ရဲ့ဓလေ့အတိုင်း ဝတ်စုံနဲ့ ဝန်ဆောင်မှုလုပ်ငန်း လုပ်ပေးနိုင်မယ်ဆိုရင်တော့ လုပ်ငန်းတိုးတက်လာလိမ့်မယ်လို့ ထင်ပါတယ်၊ ပြီးတော့ သူတို့ရဲ့ဓလေ့ကို ဦးစားပေးလုပ်ရမှာပေါ့'

'အင်း… အကြံဉာဏ်လေးကတော့ ကောင်းပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်းကောင်လေးကတော့ ဖိုင်ကို ပြန်ပိတ်လိုက်သည်။

Speaker မှ အသံထွက်လာပြန်၏။

'ကဲ… ကျန်ရှိနေသေးတဲ့ ရီးရာရဲ့အတွဲကလည်း အကြံဉာဏ်လေးပေးပါဦး'

ရီးရာက ဖိုင်တွဲကို မဖွင့်ဘဲ အသံလာရာဆီသို့ မှန်းလိုက်ကာ…

'ထွေထွေထူးထူးတော့ သိပ်ပြောစရာမရှိပါဘူး၊ လူတော်တော်များများက ခပ်ဆန်းဆန်းလေးတွေကို သဘောကျပါတယ်၊ ဒါက နံပါတ် (၁) အချက်ပါ၊ ပြီးတော့ အခု ဒီကုမ္ပဏီမှာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ အစီအစဉ်လေးတွေ ရှိပါတယ်။ ဒါကတော့ နံပါတ် (၂)အချက်ပါ'

'ရှင်းပြပါဦး'

'နံပါတ် (၁)ဖြစ်တဲ့ လူတွေဟာ ထူးထူးဆန်းဆန်းလေးတွေ စိတ်ဝင်စားတယ်ဆိုတာက…'

'အင်း…'

'ဒီကုမ္ပဏီရဲ့ မင်္ဂလာဆောင်တဲ့ အစီအစဉ်တွေထဲမှာ ရိုးရှင်းတဲ့ မင်္ဂလာဆောင်မှုအပြင် နည်းနည်းခပ်ဆန်းဆန်းဖြစ်တဲ့ မင်္ဂလာဆောင်မှုတွေကိုပါ အစီအစဉ်ခွဲပြီး Service ပေးမယ်ဆိုရင် လူတွေ စိတ်ဝင်စားမှု ပိုများလာနိုင်ပါတယ်'

'နမူနာလေး ပြောပါဦး'

'ဥပမာ လေယာဉ်ပေါ်မှာ လက်ထပ်ပွဲအစီအစဉ်မျိုးတွေ၊ ရထားပေါ်မှာကျင်းပတဲ့ မင်္ဂလာပွဲလိုမျိုးပေါ့၊ နောက်ထပ် အစီအစဉ်တွေ အများကြီးရှိပါတယ်၊ အဲဒီတော့ မင်္ဂလာဆောင်တဲ့စုံတွဲဟာ သူတို့နှစ်သက်ရာကို စိတ်တိုင်းကျ ပျော်ပျော်ရွှင်ရွှင် ရွေးချယ်နိုင်ပါတယ်၊ ပြီးတော့ နည်းလမ်းပေါင်းစုံဖြင့် မင်္ဂလာဆောင်နိုင်တဲ့ ကုမ္ပဏီဆိုပြီးလည်း နာမည်ကြီးနိုင်ပါသေးတယ်'

'အင်း… အဲဒီကိစ္စကိုတော့ တစ်ခါမှ မစဉ်းစားမိပါဘူး'

'နံပါတ် (၂)ဖြစ်တဲ့ သိပ်စိတ်ဝင်စားစရာကောင်းတယ်ဆိုတဲ့အချက်က အခု ကျွန်တော်တို့ပြိုင်နေတဲ့ program ကို မှတ်တမ်းတင်ထားတယ်ဆိုတာကို ကျွန်တော် သိထားပါတယ်၊ ထိုမှတ်တမ်းကို တစ်နည်းနည်းနဲ့ လူသိအောင်လုပ်ပြီး လက်ထပ်မယ့်စုံတွဲများ ပါဝင်ဆင်နွှဲနိုင်တယ်ဆိုပြီး ကြော်ငြာရင်လည်း ဖြစ်နိုင်ပါသေးတယ်'

Speaker မှ ပြန်ပြောသံ မကြားရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ရှီးရာကလည်း သူ့စကားကို ရပ်လိုက်သည်။

စစ်စစ်ကလည်း ရှီးရာလက်ကို ကိုင်ထားပြီး Speaker မှ ဘာပြောမလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်နေလေသည်။

ဤသို့ဖြင့် အတွဲသုံးတွဲသည် ရင်ခုန်နှုန်းမြန်နေ၏။

ခဏကြာသောအခါတွင် Speaker မှ အသံထွက်လာ၏။

■



(၄၃)

'မီးလုံးတို့အတွဲရဲ့ အကြံဉာဏ်က ကောင်းပါတယ်၊ သို့သော် လမ်းရိုးဖြစ်နေတယ်လို့ ခံစားရပါတယ်'

မီးလုံးတို့ဆီမှ သက်ပြင်းချသံအချို့ ခပ်သဲ့သဲ့ကြားလိုက်ရသည်။

'ဒါကြောင့် အနည်းငယ်ထူးဆန်းတဲ့လမ်းကြောင်းကို ပေးနိုင်တဲ့ စုံတွဲ(၂)တွဲကို ရထားအတွဲနံပါတ် (၂)ကို ဝင်ခွင့်ပြုပါတယ်'

ဝါလေးက ရှီးရာတို့စုံတွဲကို ပြုံးပြီး လှမ်းကြည့်သည်။

ဂုဏ်ယူသည့်သဘောမျိုး ဖြစ်သည်။

မီးလုံးကတော့ ခေါင်းငိုက်စိုက်ချထား၏။

ခပ်တင်းတင်းစုံတွဲကတော့ မဖော်ပြနိုင်သောအပြုံးမျိုးဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ စစ်စစ်ကို တိုးတိုးလေး ကပ်ပြောလိုက်၏။

'တို့တွေ လက်ထပ်ရဖို့ နီးပါပြီ'

သူ့ရင်ခွင်ထဲကို စစ်စစ်က ခေါင်းကလေးတိုးဝှေ့ကာ ဝင်လာ၏။

---



## (၄၄)

ရထားတွဲနံပါတ် (၂)မှာ ရှင်းလင်းနေ၏။

ဘာပစ္စည်းမှ မရှိချေ။ ခုံသေးသေးလေးနှစ်ခုသာ ချထား၏။ လူနှစ်ယောက်စီ ထိုင်လို့ရသော ခုံ (၂)လုံးဖြစ်သည်။

ရှီးရာတို့စုံတွဲက ပထမခုံတွင် ဝင်ထိုင်လိုက်၏။

ခပ်တင်းတင်းစုံတွဲကတော့ ဒုတိယခုံတွင် ဝင်ထိုင်သည်။

ခုံတစ်ခုံစီဝင်ထိုင်လိုက်သော စုံတွဲ (၂)တွဲတွင် စုံတွဲ (၁)တွဲ ကျန်ခဲ့မည်ဆိုသောအသိကြောင့် ရင်ခုန်နေကြသည်။

အတွဲနံပါတ် (၁)ကို ရောက်ဖို့အတွက် ဘာတွေများ ဖြတ်သန်းရဦးမှာလဲ။

ထိုအချိန်တွင် ခပ်တင်းတင်းစုံတွဲမှ သူတို့အတွဲကို စတင်မိတ်ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည်က ချမ်းငြိမ်းပါ၊ ဒါက ကျွန်တော့် ကောင်မလေး အေးနွယ်ပါ'

ရီးရာက ခေါင်းညိတ်ပြလိုက်၏။ ခပ်တင်းတင်းစုံတွဲ၏ မျက်နှာတွင် ခပ်တင်းတင်းအရိပ်အယောင်များ မတွေ့ရတော့ချေ။

ရီးရာကလည်း ပြန်လည်မိတ်ဆက်သည်။

'ကျွန်တော်က ရီးရာပါ၊ သူကတော့ စစ်စစ်လို့ ခေါ်ပါတယ်'

စုံတွဲ (၂)တွဲသည် အခုမှ မိတ်ဆက်ရသည်။

ခုနတုန်းက ကိုယ့်အတွေးနှင့်ကိုယ် ရှုပ်နေသောကြောင့် မိတ်မဆက်မိကြချေ။

မျက်နှာထားခပ်တင်းတင်းကြောင့် ပြောရဆိုရခက်လိမ့်မည်ဟု ထင်ထားမိသော ရီးရာမှာ စကားပြောကြည့်တော့လည်း 'မဆိုးပါဘူး'ဟု တွေးမိလိုက်သည်။

Speaker မှ အသံသည် ငြိမ်သက်နေဆဲဖြစ်သည်။

သူတို့ကို အနားပေးထားပုံရသည်။

'ကျောင်းသားတွေပဲလား'

'ဟုတ်ပါတယ်၊ ကျောင်းကတော့ ပြီးခါနီးပါပြီ'



ချမ်းငြိမ်းက ပြန်ပြောသည်။

'ငွေကြေးအခက်အခဲကြောင့် လက်မထပ်နိုင်ကြတာလား'

ချမ်းငြိမ်းက သက်ပြင်းတစ်ချက် ချသည်။

ပြီးနောက်...

'အဲဒီလိုပဲ ဆိုရမှာပေါ့'

ဟုဆိုပြီး စိတ်မကောင်းသည့်မျက်နှာ ဖြစ်သွားလေသည်။ ထို့နောက် စုံတွဲနှစ်တွဲစလုံးမှာ ပြောစရာစကားများမရှိဘဲ ဖြစ်သွားကြကာ တိတ်ဆိတ်သွားပြန်သည်။ တစ်ချက်တစ်ချက် ချမ်းငြိမ်းတို့စုံတွဲဆီမှ သက်ပြင်းချသံအချို့ကို ခဏခဏကြားရသည်။ သူတို့စုံတွဲကိုလည်း မကြာခဏဆိုသလို လှမ်းကြည့်တာကို တွေ့ရ၏။ ခဏအကြာတွင်...

'ကိုရီးရာ'

ဟု ခေါ်လိုက်သည့် ချမ်းငြိမ်း၏အသံကို ကြားလိုက်ရသည်။

'ဗျာ... ဘာပြောမလို့လဲ'

ချမ်းငြိမ်းက သူ့ကို စာရွက်အချို့ လှမ်းပေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၄၅)

ချမ်းငြိမ်းက သူ့ကို စာရွက်လေးအချို့ လှမ်းပေးသည်။

ရီးရာကလည်း ကြောင်တောင်တောင်နှင့် လှမ်းယူလိုက်သည်။

'ဘာတွေလဲဗျ'

ချမ်းငြိမ်းက ရီးရာမေးတာကို မဖြေသေးဘဲ စကားတစ်ခွန်း ဆက်ပြောသည်။

'ယှဉ်ပြိုင်ခဲ့တဲ့ အိုင်ဒီယာတွေကိုကြည့်ခြင်းဖြင့် ရီးရာတို့စုံတွဲကို ကျွန်တော်တို့ထက်သာတဲ့စုံတွဲလို့ ထင်မိပါတယ်'

'မဟုတ်သေးပါဘူးဗျာ'

'ဟုတ်ကို ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ အေးနွယ်ကလည်း ဒီလိုပဲထင်ထားပါတယ်'



စစ်စစ်၏ သက်ပြင်းချသံတိုးတိုးလေးကို ကြားလိုက်ရသည်။

ချမ်းငြိမ်းက သူ့စကားသူ ဆက်ပြောလေသည်။

'ကျွန်တော်က နောက်ခြောက်လဆိုရင် သေဆုံးရမယ့်သူတစ်ဦးပါ'

'ဘယ်လို...'

'ဟင်...'

သူရော စစ်စစ်ပါ ထိတ်လန့်သွားကြသည်။

'ဟုတ်ပါတယ်၊ ခုနက ပေးလိုက်တဲ့ စာရွက်တွေကလည်း ကျွန်တော့်ဆေးစစ်ချက်တွေပါ၊ မယုံမှာစိုးလို့ ပြတာပါ'

ရီးရာက လက်ထဲမှာရှိနေသော စာရွက်စာတမ်းများကို ကြည့်လိုက်သည်။

စစ်စစ်ကလည်း ယူကြည့်၏။ ဆေးမှတ်တမ်းအရ သူသည် နောက်ခြောက်လအထိသာ အသက်ရှင်နိုင်တော့မည်ဖြစ်သည်။

'ကျွန်တော့်ချစ်သူရဲ့ မိဘတွေက နည်းနည်းငွေမက်ပါတယ်၊ သူ့သမီးကို တင့်တောင်းတင့်တယ်လက်ထပ်စေချင်တယ်၊ ကျွန်တော်ကလည်း အဲဒီလို လက်ထပ်ဖို့အတွက် မတတ်နိုင်ပါဘူး၊ ဒီတော့ ခိုးပြေးဖို့ စဉ်းစားပါသေးတယ်၊ အတွေးရုံး

www.burmeseclassic.com



လက်ထပ်မယ်ပေါ့၊ အဲဒီအခါမှာ ကျွန်တော်က စဉ်းစားရပါပြီ၊ အကယ်၍ ကျွန်တော်က အဲဒီလိုလုပ်လိုက်လို့ သူ့မိဘတွေက အမွေပြတ်စွန့်လွှတ်ရင် နောက်ခြောက်လကျရင် သူတစ်ယောက်တည်းဖြစ်နေမှာစိုးပါသေးတယ်'

ရိုးရာက စိတ်မကောင်းစွာနဲ့ ခေါင်းညိတ်ပြသည်။

'ကျွန်တော်က ကျွန်တော့်ချစ်သူ အထီးကျန်ပြီးနေခဲ့ရမှာစိုးတဲ့အတွက် လက်မထပ်ဖို့ ဆုံးဖြတ်ပါသေးတယ်၊ ဒါပေမဲ့ သူက ကျွန်တော် မသေဆုံးခင် အတူနေချင်တယ်တဲ့'

အေးနွယ်မှာ မျက်ရည်များဝဲတက်လာတာကို တွေ့ရသည်။

ခဏကြာသောအခါတွင် တရှုပ်ရှုပ်ငိုနေ၏။

'ဒီအတွက်ကြောင့် ကျွန်တော်ဟာ ဒီပြိုင်ပွဲကို ကြိုးစားပမ်းစားပြိုင်နေရတာပါ'

ချမ်းငြိမ်းက ရိုးရာလက်ထဲမှ စာရွက်စာတမ်းများကို လှမ်းယူလိုက်သည်။

ထို့နောက် သူ့ရဲ့အိတ်လေးထဲကို ပြန်ထည့်လိုက်သည်။

'ကျွန်တော်ပြောတာကို ယုံကြည်ချင်မှ ယုံကြည်ပါလိမ့်မယ်'

'ကျွန်တော် ယုံကြည်ပါတယ်၊ ဘာအကူအညီပေးရမလဲ'



'ကျွန်တော်တို့စုံတွဲကို အတွဲနံပါတ် (၁) ခေါင်းခန်းထဲ ဝင်ခွင့်ပေးပါလားဗျာ၊ ကျွန်တော်နေရတဲ့ နောက်ခြောက်လအတွင်းမှာ ဘာလုပ်ပေးရ ပေးရပါ'

ရိုးရာနဲ့ စစ်စစ်မှာ စိတ်မကောင်းဖြစ်သွားကြသည်။

သူပြသသော အထောက်အထားများကလည်း သူမလိမ်ဘူးဆိုတာကို ပြသနေသည်။

သူတို့မှာလည်း သူတို့အခက်အခဲနှင့်သူတို့ ဖြစ်သည်။

ရိုးရာသည် စစ်စစ်ကို ကြည့်လိုက်၏။

စစ်စစ်ကလည်း သူ့ကို တွေဝေတဲ့မျက်လုံးများဖြင့် ကြည့်နေသည်။

သူတို့စုံတွဲ (၂)တွဲမှာ ခြောက်လအတွင်းတော့ တူညီသည်။

သို့သော် ပုံသဏ္ဌာန်ချင်းတော့ ကွဲပြား၏။

ချမ်းငြိမ်းတို့စုံတွဲက ခြောက်လသာ သက်တမ်းရှိသည်။

သူတို့စုံတွဲကတော့ ခြောက်လအတွင်း လက်ထပ်ရန် ကြိုးစားနေကြသည်။

စစ်စစ်က သူ့ကို တိုးတိုးလေးကပ်ပြောသည်။

ချမ်းငြိမ်းတို့စုံတွဲမှာ အဝေးကို ငေးနေ၏။

'ငါတို့ ဒီခြောက်လအတွင်းမှာ တစ်နည်းနည်းနဲ့ လက်ထပ်ဖို့ ရှာနိုင်ပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်၏စကားသံက သူ့နားထဲသို့ တိုးဝင်လာခဲ့၏။

ထို့နောက် တရှုပ်ရှုပ်ငိုရင်း သူ့ပခုံးကို မှီလိုက်သည်။

ချမ်းငြိမ်းတို့ကလည်း စိတ်မကောင်းစွာနဲ့ သူတို့ကို ကြည့်နေလေသည်။

'ကျွန်တော်တို့လည်း မတတ်သာတဲ့အခြေအနေမို့ပါ ဗျာ'

ဟုဆိုရင်း မျက်ရည်ဝဲနေလေသည်။

ထိုအချိန်တွင် Speaker မှ အသံထွက်ပေါ်လာလေသည်။

■



## (၄၆)

အခြေအနေသည် ပြောင်းလဲသွားပြီ ဖြစ်သည်။

ရထားတွဲနံပါတ် (၂)တွင် ရိုးရာတို့ စုံတွဲတစ်တွဲသာ ကျန်ရစ်ခဲ့လေသည်။ ရှေ့ဘူတာတွင် ရထားရပ်ပါက သူတို့ ဆင်းရတော့မည်။

ခြောက်လအတွင်းမှာ စစ်စစ်ကို ခမ်းခမ်းနားနား လက်ထပ်ဖို့အတွက် သူ ကြိုးစားရဦးမည်။

ရထား ရပ်သွားသည်။

ရိုးရာက စစ်စစ်လက်ကိုတွဲရင်း ထလိုက်သည်။

ထိုစဉ် Speaker မှ အသံထွက်ပေါ်လာ၏။

'ရိုးရာ'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ရိုးရာက စစ်စစ်ကို လက်တွဲထားရင်းမှ ပြန်ထူးလိုက်သည်။

'အခုလိုဖြစ်ပျက်သွားတဲ့အတွက် ကျွန်တော်တို့ ရထားကလည်း စိတ်မကောင်းပါဘူး'

'ရပါတယ်'

'ဒါပေမဲ့ ရိုးရာ စဉ်းစားထားတဲ့ မင်္ဂလာဝတ်စုံနှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် ဆန်းသစ်တဲ့အကြံဉာဏ်တွေကို ကျွန်တော်တို့ စိတ်ဝင်စားပါတယ်၊ ဒါကြောင့် ရိုးရာ စိတ်ပါမယ်ဆိုရင် ရိုးရာအကြံဉာဏ်နဲ့ ကျွန်တော်တို့ကုမ္ပဏီ ပူးပေါင်းပါရစေ၊ အကျိုးအမြတ်ကိုတော့ အောင်မြင်တဲ့အတိုင်းအတာအတိုင်း ပေးပါ့မယ်'

'ဟင်...'

သူ့အတွက် ကြီးမားသော ကမ်းလှမ်းမှုပင် ဖြစ်သည်။

မထင်မှတ်သော ကမ်းလှမ်းချက်လည်း ဖြစ်သည်။

သူ ချက်ချင်းခေါင်းညိတ်လိုက်မိသည်။

'ဒီလိုဆို အတွဲနံပါတ် (၁)မှာ ကျွန်တော်တို့ကုမ္ပဏီရဲ့ သူဌေးရှိပါတယ်၊ ဆွေးနွေးဖို့အတွက် ရိုးရာတို့အတွဲကို ဖိတ်ခေါ်ပါတယ်'



များမကြာသောအချိန်တွင် အရှေ့တောင်အာရှ၌ Wedding Service လေးတစ်ခုသည် အချိန်တိုလေးအတွင်းမှာပင် အောင်မြင်လာလေ၏။

သင် မည်သို့သောစိတ်ကူးဖြင့် လက်ထပ်ချင်လဲ။ ထို Wedding Service က ဖြုလုပ်ပေးပါသည်။ ပြီးနောက် သင် မတွေးထားမိသော ကြည်နူးဆန်းကြယ်စွာ လက်ထပ်လို့ရတဲ့ အစီအစဉ်တွေကိုလည်း လုပ်ဆောင်ပေးပါသည်။

ထို့ကြောင့် ထို Wedding Service ကုမ္ပဏီသည် နာမည်ကြီးလာလေသည်။ နာမည်ကြီးခြင်းနှင့်အတူ ငွေကြေးမှာလည်း အောင်မြင်လာလေ၏။

နှစ်စဉ် ဒေါ်လာသန်းချီ မြတ်စွန်းလေသည်။

ယခုအခါတွင် ကုမ္ပဏီခွဲပေါင်းများစွာလည်း နိုင်ငံတိုင်းတွင် ရှိနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၇)

ဘူတာရုံတစ်ခုတွင် လူအများ စည်ကားနေသည်။ ထိုဘူတာရုံတွင်လည်း ရထားတစ်စင်း ရပ်ထားလေ၏။

ထိုရထားပေါ်တွင် မင်္ဂလာပွဲတစ်ပွဲ ကျင်းပနေခြင်းဖြစ်သည်။

သတို့သားနှင့် သတို့သမီးဖြစ်ပုံရသော စုံတွဲတစ်တွဲကလည်း လူအများကို လိုက်လံနှုတ်ဆက်နေသည်။

'ရိုးရာတို့ကတော့ ကျောင်းတုန်းကအကျင့်ကို မပျောက်ဘူး၊ ရထားပေါ်မှာ မင်္ဂလာဆောင်ရတယ်လို့'

သတို့သားဖြစ်သော ရိုးရာနှင့် စစ်စစ်မှာ ပြုံးပြုံးကြီးဖြစ်နေလေသည်။

သူတို့၏ မင်္ဂလာပွဲမှာ ပျော်စရာလည်း ကောင်းသလို အဆင့်လည်း မြင့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်မှုမှာလည်း အထူးပင်ကောင်းမွန်လှ၏။

သတို့သားနှင့် သတို့သမီးမှာ ရထားပေါ်ရှိ ဝိုင်းများကို လှည့်ပတ်ဧည့်ခံရင်း စားပွဲဝိုင်းတစ်ခုရှိ အမျိုးသမီးဆီသို့ အကြည့်များရောက်ရှိသွားသည်။

ထိုအမျိုးသမီးမှာ ကိုယ်ဝန်နှင့်ဖြစ်သည်။

ထိုအမျိုးသမီးက သတို့သားနှင့် သတို့သမီးကို လက်ဆွဲနှုတ်ဆက်သည်။

မျက်နှာမှာ မျက်ရည်များနှင့် ပြည့်နေလေသည်။

အခြားဝိုင်းများက ထူးဆန်းသလို ကြည့်နေကြသော်လည်း သူတို့သုံးဦးရဲ့ ရင်ခွင်ထဲက ဝမ်းနည်းမှုကိုတော့ မြင်နိုင်ကြမှာ မဟုတ်ပါဘူး။

'သူ မဆုံးခင် ဒီမင်္ဂလာပွဲကို လာချင်တယ်လို့ ခဏခဏပြောပါသေးတယ်'

'ရပါတယ်ဗျာ၊ ကျွန်တော်တို့ကလည်း သတိရနေတာပါ'

ကိုယ်ဝန်နဲ့ အမျိုးသမီးက သူ့အိတ်ထဲမှ ဘူးလေးတစ်ဘူးကို ထုတ်လိုက်ပြီး…

'သူက ဒီမင်္ဂလာလက်ဆောင်လေးကို သူ့ကိုယ်စား လက်ခံပေးပါလို့ ပေးသွားတယ်'

ဟုဆိုပြီး လှမ်းပေးလိုက်သည်။



ရှီးရာက ဘူးကို ဖွင့်ကြည့်လိုက်သည်။

အထဲမှာ ရွှေနှင့်ပြုလုပ်ထားသော ရထားအရုပ်လေး တစ်ခုကို တွေ့လိုက်ရသည်။

ဗီဒီယိုမှတ်တမ်းတင်နေသောသူကလည်း ထိုအဖြစ်အပျက်နှင့်အတူ မင်္ဂလာဝတ်စုံနှင့်ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခု၏ နာမည်ပါစာတန်းကိုလည်း ရိုက်ကူးလိုက်လေ၏။

ထို့နောက် သူ၏ကင်မရာကို ထိုကုမ္ပဏီ၏ ထူးဆန်းသော မင်္ဂလာပွဲများအကြောင်းပါသည့်စာအုပ်ကို ဖတ်ရှုနေသော လက်ထပ်မည့် စုံတွဲတစ်တွဲဆီသို့ ကူးပြောင်းလိုက်လေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၀

လအနည်းငယ်ကြာသောအခါတွင် အမျိုးသမီးတစ်ဦးသည် သားယောကျ်ားလေး မွေး၏။

သူ့သားလေးနာမည်ကို သူတို့ကိုကူညီခဲ့သော စုံတွဲအား အမှတ်ရစေလိုသောကြောင့် 'ရှီးရာစစ်စစ်'ဟု အမည်ပေးလိုက်လေသည်။

လေးစားစွာဖြင့်...

ရှုနေ

BURMESE CLASSIC .com



## အမှောင်ထဲတွင် မီးလင်းသော နှင်းဆီပန်းလုပ်နည်း

**ပထမအဆင့်**

(၁) မီးခြစ်ဆံဗူးတစ်ဗူး ယူပါ။

(၂) မီးခြစ်ဆံထိပ်ရှိယမ်းများအား ဓားဖြင့်ခြစ်ချကာ ဖန်ခွက်လေးထဲသို့ ထည့်ပါ။

(၃) ယမ်းများထည့်ထားသော ဖန်ခွက်ထဲသို့ Alcohol (White color) အား ဖန်ခွက်ဖင်မှအပေါ်သို့ တစ်လက်မ ခန့်ထည့်ပါ။

(၄) ယမ်းများပျော်သွားသည်အထိ ရောမွှေပါ။ ပြီးနောက် ထိုရေများအား ဆေးထိုးအပ်ဖြင့် စုပ်ယူ၍ နှင်းဆီပန်းဖတ်အောက်ဘက်ရှိ ပန်းပွင့်အုံတွင် ပတ်လည်ထိုးပေးပါ။ (သင့်တော်သလောက်သာ ထိုးပေးပါရန်)

www.burmeseclassic.com

www.burmeseclassic.com





## ဒုတိယအဆင့်

(၁) Hydrogen Peroxide အားဝယ်၍ ဆေးထိုးအပ်ဖြင့် စုပ်ယူကာ နှင်းဆီပွင့်ဖတ်များအောက်ဘက်ရှိ ပန်းပွင့်အုံကိုပဲ ပတ်လည်ထိုးပေးပါ။(သင့်တော်သလောက်သာ ထိုးပေးပါရန်)

(၂) ခဏကြာသောအခါတွင် အမှောင်ထဲ၌ နှင်းဆီပန်းလေးမှာ လင်းလာမည် ဖြစ်ပါသည်။


## တတိယအဆင့်

(၁) ကတ္တီပါခင်းအနက်ရောင်လေးတစ်ခုအား ဝယ်ပါ။

(၂) ထိုကတ္တီပါပေါ်၌ ခုနကနှင်းဆီပန်းလေးတင်ပြီး သင့်ချစ်သူကို ဗူးလေးထဲထည့်ပေးပါက လင်းနေသောပန်းလေး၏ကြည်နူးမှုတစ်ခုကို သင့်ချစ်သူ ခံစားနိုင်ပါမည်။

■

BURMESE CLASSIC .com



ရထားပေါ်က စာရေးတဲ့ခုံ

www.burmeseclassic.com